# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၀)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး **စာမျက်နှာ ၁၅ ကော်လံ ၁ ✭**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်)

# ကောင်းမြတ်သောအကျိုးတရားများနှင့်ပြည့်စုံကြပါစေ

"သရဒံ ရတုကာလာနံ= အချိန်အခါတို့တွင် တန်ဆောင်မုန်းလသည် သာယာလှပဆုံးအချိန်ဖြစ်သည်"ဟူ၍ ပင်းယခေတ် စတုရင်္ဂဗလ ပညာရှိအမတ်ကြီးက မိန့်ဆိုခဲ့လေသည်။ ထိုစကားမှာ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်တို့၏ သာယာကြည်နူးမှုကိုအကြောင်းပြု၍ ဆိုလိုခြင်းဖြစ်ပေမည်။ ထိုသဘာဝပတ်ဝန်းကျင်တို့၏သာယာမှုမှာ လူတို့၏စိတ်ထားကိုပြောင်းလဲစေနိုင်သည်။ တန်ဆောင်မုန်းလသည် မိုးဥတု၏နောက်ဆုံးလဖြစ်သည်။ တောတောင်ရေမြေများမှာလည်း ရွှံ့ညွန်များမရှိဘဲ သစ်ပင်ပန်းပင်များသည် စိမ်းလန်းစိုပြည်ဝေဆာဖူးပွင့်လျက်ရှိကြသည်။ မြစ် ချောင်း အင်း အိုင် ပင်လယ်သမုဒ္ဒရာတို့မှာလည်း လှိုင်းလေမရှိဘဲ ရေမျက်နှာပြင်မှာသာယာလျက်ရှိပေသည်။ ကောင်းကင်၌ မိုးသားတိမ်လိပ်များကင်းစင်၍ ကြည်လင်သာယာလျက် နက္ခတ်တာရာ ကြယ်ပေါင်းစုံ ထွန်းတောက်လျက်ရှိသည်။

ကောင်းကင်တွင်လမင်းကြီးသည် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပပြီး ထွန်းလင်းလျက်ရှိပေသည်။ ထိုသို့သောသဘာဝပတ်ဝန်းကျင်တစ်ခုလုံး သာယာကြည်နူးဖွယ်ရှိခြင်းကြောင့် တန်ဆောင်မုန်းလပြည့်သည် သာယာလှပဆုံးအချိန်ဖြစ်ကြောင်းဆိုလိုခြင်းဖြစ်သည်။ ကုသိုလ်ကောင်းမှုနှင့်ပြည့်စုံခြင်းသည် များပြားသောအကျိုးရှိ၏။ ထို့ကြောင့် တည်ကြည်ကြကုန်သောပညာရှိတို့သည် ကုသိုလ်ကောင်းမှုနှင့်ပြည့်စုံခြင်းကို ချီးမွမ်းကြကုန်၏ဟူ၍ မြတ်စွာဘုရားရှင်ဟောကြားတော်မူသည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ဒါန၊ သီလ၊ ဘာဝနာဟူသောကောင်းကျိုးများကို လိုလားကြသည်။ ထိုသို့လိုလားကြသည့်အတိုင်းလည်းပြုမူကျင့်ကြံနေထိုင်ကြသည်။ ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌တည်စေမင်းဟူသော ဆုံးမစာသည် အသက်ရှင်သန်ရပ်တည်နေသည့်လူတိုင်းအတွက် ကောင်းသောလမ်းကိုညွှန်ပြခြင်းဖြစ်သည်။

တန်ဆောင်မုန်းလသည်သာယာလှပဆုံးလဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ညသည်ကားအလွန့်အလွန်သာယာကြည်နူးဖွယ်ကောင်းလှသည်။ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလ ခေါ် ရဟန်း၏အကျိုးတရားကိုဟောကြားတော်မူသောနေ့ဟုမှတ်သားကြသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိသည် ကထိန်အလှူပွဲများကျင်းပသည့်ကာလဖြစ်သည်။ အဆိုပါကထိန်သင်္ကန်းကိုအမှီပြု၍ မသိုးသင်္ကန်းကပ်လှူပွဲလည်းပေါ်ပေါက်လာသည်။ ဤမသိုးသင်္ကန်းမှာလည်း ကထိန်သင်္ကန်းကဲ့သို့လှူပြီးပါက လှူသောနေ့၌ နောက်တစ်ရက်အရုဏ်မတက်မီအတွင်းအပြီး အစီးဆောင်ရွက်ရသောကြောင့် မသိုးသင်္ကန်းဟုခေါ်တွင်သည်။ နောက်တစ်နေ့ အရုဏ်တက်သွားပါက ထမင်းသိုး ဟင်းသိုးကဲ့သို့ သိုးသွားသည်ဟုယူဆ၍ နေ့မကူးမီအပြီးဆောင်ရွက်ကြရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ မြတ်ဗုဒ္ဓ၏သာသနာတော်သုံးရပ်ဖြစ်သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာသုံးရပ်ကို ကျင့်ကြံပွားများအားထုတ်သော သံဃာတော်အရှင်မြတ်များရှိကြသည်။ ထိုအရှင်မြတ်များကိုပစ္စည်းလေးပါး ထောက်ပံ့ပေးလှူကြသည့် ဒါယကာ၊ဒါယိကာမများလည်း ပေါများလှသည်။ မြန်မာနိုင်ငံကိုရွှေနိုင်ငံဟု ကမ္ဘာကတင်စားကြသည်မှာ နိုင်ငံတစ်ဝန်း၌ နေရာအနှံ့အပြားတွင် ဘုရားပုထိုးစေတီကျောင်းကန်များမှာ လက်ညှိုးထိုးမလွဲအောင်တည်ထားကြသည်ကိုတွေ့မြင်၍ ပြောဆိုရေးသားမှတ်တမ်းတင်ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာသာသနာတော်ကို အထူးသက်ဝင်ယုံကြည်သည့် နိုင်ငံ့ခေါင်းဆောင်တိုင်းသည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ အလှူအတန်းပြုခြင်းများကိုဆောင်ရွက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင်တည်ထားကိုးကွယ်လျက်ရှိသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်ပေါ်လာစေရေးအတွက် တပ်မတော်သားတို့၏ကြိုးပမ်းဆောင်ရွက်မှုသည်လည်း မှတ်တမ်းတင်ထိုက်သည်။ ထူးခြားအံ့သြဖွယ်ကောင်းလှသည့်စွမ်းဆောင်မှုများကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းလှပုံများကို ဗုဒ္ဓဘာသာဝင်သူတော်စင်တို့နှလုံးသားတွင် ငြိတွယ်နေပြီဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ယခင်နှစ်မှစ၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံများယှဉ်ပြိုင်လွှတ်တင်ပူဇော်မှုကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ယခုနှစ်တွင် ယခင်နှစ်ကဲ့သို့ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ၊ ဝတ်ရွတ်အသင်းအဖွဲ့များက အသံမစဲမဟာပဋ္ဌာန်းပွဲ၊ မီးပုံးပျံကြီးများယှဉ်ပြိုင်လွှတ်တင်ပူဇော်ပွဲနှင့် မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်မှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်မှု၊ LED မီးများဖြင့် အလှဆင်ပူဇော်မှုများကို စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထံ မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်သည်။ ဤသို့သော ကုသိုလ်ကောင်းမှုကြောင့် မြန်မာနိုင်ငံသားအားလုံး နက္ခတ်ကောင်းကြံ့ပါစေ၊ မင်္ဂလာကောင်းရှိပါစေ၊ ချမ်းမြေ့စွာနံနက်မိုးသောက်အလင်းရောက်ပါစေ၊ ကောင်းစွာတိုးတက်ကြပါစေ၊ စက္ကန့်တိုင်း မိနစ်တိုင်း နာရီတိုင်း ကောင်းကျိုးချမ်းသာမင်္ဂလာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၄-၁၁-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တရုတ်နိုင်ငံ ကူမင်းမြို့နှင့် ချူရှုံ့ပြည်နယ်ခွဲတို့သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ လေ့လာရေးခရီးစဉ်သွားရောက်

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိကျင်းပသည့် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့နှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန် ပြည်နယ်ကောင်စစ်ဝန် ဦးသွင်ထက်လင်း နှင့်တာဝန်ရှိသူများလိုက်ပါ၍ တရုတ် နိုင်ငံ ကူမင်းမြို့နှင့် ချူရှုံ့ပြည်နယ်ခွဲ တို့သို့ လေ့လာရေးခရီးစဉ်သွားရောက်ကြ သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာလ ၁၂ ရက်ညနေပိုင်းက ကူမင်း မြို့ရှိ ယူနန်ပြည်နယ် သယ်ယူပို့ဆောင် ရေးနှင့် သက်မွေးပညာလူငယ်သင်တန်း ကျောင်း ဒီဂရီကောလိပ်သို့ သွားရောက် လေ့လာသည်။

နိုဝင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန် ပြည်နယ် ချူရှုံ့ပြည်နယ်ခွဲ ယောင်အန်း ခရိုင်ရှိ "အရှေ့တိုင်း နှင်းဆီတောင်ကြား" လယ်ယာစိုက်ပျိုးရေးဥယျာဉ်သို့ မော်တော် ယာဉ်များဖြင့်သွားရောက်ကြပြီး တျန်းယွင်၊ ယွမ်ရှို့၊ ရှုချို၊ ထျန်းလန် စသည့်တရုတ် ဂန္ဓမာပန်း၊ ထာဝရပန်းနှင့်နှင်းဆီပန်းများ



အား ဖန်လုံအိမ်ခေတ်မီစိုက်ပျိုးရေး နည်းစနစ်ဖြင့်စိုက်ပျိုးထုတ်လုပ်ပြီး တရုတ် ပြည်တွင်းနှင့် ပြည်ပသို့ ကူမင်းနိုင်ငံတကာ ပန်းမန်စင်တာမှတစ်ဆင့် ပို့ဆောင်ဖြန့်ချိမှု၊ မြေယာရှုခင်းအလှဆင်နှင်းဆီပန်းပျိုးပင် များအား ခေတ်မီစိုက်ပျိုးရေးနည်းစနစ် ဖြင့် စိုက်ပျိုးထုတ်လုပ်မှု၊ ခေတ်မီစက်မှု လယ်ယာစိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးတိုးတက် စေရေး နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ချေးငွေများထုတ်ပေးပြီး မတည်ဆောင်ရွက် ပေးမှုအခြေအနေများ ရှင်းလင်းပြသမှုအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကွမ်းလု ရှေးမြို့ဟောင်း ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ပြီး ရှေးဟောင်းအမွေအနှစ်အဆောက်အအုံ များနှင့် အသုံးအဆောင်များထိန်းသိမ်း ထားရှိမှု၊ ပြည်တွင်း/ပြည်ပ ခရီးသွား လုပ်ငန်းတိုးတက်ဖွံ့ဖြိုးစေရန် စီစဉ်ဆောင် ရွက်နေမှုအခြေအနေများအား ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် ချူရှုံ့မြို့သို့ဆက်လက် သွားရောက်ကြပြီး ဝန်ဆောင်မှု Center ၌ ချူရှုံ့ပြည်နယ်ခွဲ တာဝန်ခံမှ ညစာစားပွဲ နှင့်အတူ ရိုးရာအဆိုအကတို့ဖြင့် ဧည့်ခံ ဖျော်ဖြေရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ကလည်း ပြန်လည် သီဆို၊ ကပြဖျော်ဖြေ ခဲ့ကြပြီး မြနန္ဒာတေးသီချင်းဖြင့်စုပေါင်း၍ ပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေကာ ညစာ စားပွဲကိုရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ထိုက်ယံလိပန်းခြံရင်ပြင်နှင့် တရုတ်-ယီတိုင်းရင်းသားတို့၏ နေပြက္ခဒိန် ဆိုင်ရာနှင့် နက္ခတ်တာရာပြတိုက်အား သွားရောက်လေ့လာကြသည်။

အဆိုပါရင်ပြင်ပန်းခြံတွင် ပြည်သူများ နှင့် ခရီးသွားဧည့်သည်များ ပျော်ရွှင် အေးချမ်းစွာ အပန်းဖြေသီဆိုကခုန်၊ ကစား နိုင်ရန် စီစဉ်ပေးထားကြောင်း၊ ၎င်းနေရာ တွင် ပြည်နယ်ခွဲအတွင်း ရင်းနှီးခင်မင်စွာ နေထိုင်ကြသော တရုတ်တိုင်းရင်းသား လူမျိုးစုခြောက်မျိုးအတွက် ကိုယ်စားပြု ပန်းအိုးကြီးခြောက်လုံးအား အလယ်တွင် ဗဟိုပန်းအိုးကြီးတစ်လုံး ထည့်သွင်း၍ တင့်တယ်ခမ်းနားစွာ ပြုလုပ်ထားရှိပြီး နှစ်စဉ်စုပေါင်းပျော်ပွဲရွှင်ပွဲနှင့် ဆုတောင်းပွဲ ကိုလည်း ကြီးကျယ်ခမ်းနားစွာကျင်းပကြ ကြောင်း၊ ပြတိုက်တွင်လည်း တရုတ်-ယီ တိုင်းရင်းသားရိုးရာ နေပြက္ခဒိန်ကို ကမ္ဘာ့ အစောဆုံး ပြက္ခဒိန်ငါးခုတွင် စတင်၍ ခေတ်ပြိုင်ပါဝင်တီထွင်အသုံးပြုနိုင်မှုအား ရုပ်ပုံ/ရုပ်တု၊ ရှေးဟောင်းပစ္စည်းများဖြင့် ဆင်ယင်ပြသထားရှိသည့်အပြင် ယင်းနှင့် သက်ဆိုင်သည့် မိရိုးဖလာဒဏ္ဍာရီကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း၊ အဆိုပါ ပန်းခြံရင်ပြင်နှင့်ပြတိုက်ကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အကြီးစားပြုပြင်မွမ်းမံကာ နှစ်စဉ်လည်း ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိ ကြောင်းသိရသည်။


ထို့နောက် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ချူရှုံ့မြို့ရှိ တျန်းမှိုဘုရင် GPX Hotel တွင် ညအိပ်ရပ်နားခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင် ဘာလ ၁၁ ရက်တွင် ပေကျင်းမြို့ရှိ China National Petroleum Corporation (CNPC)၏ဧည့်ခန်းမဆောင်၌ CNPC ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး သည်။

ဆွေးနွေးစဉ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် နေမှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ရေနံ ချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်း များအတွက် လိုအပ်သည့်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိနိုင် ရေး၊ မြန်မာနှင့် တရုတ်နှစ်နိုင်ငံလုံးသည် သဘာဝဓာတ်ငွေ့လိုအပ်ချက်များရှိနေ၍ မြန်မာနိုင်ငံတွင် LNG Terminal တည် ဆောက်ပြီး ရရှိလာမည့်သဘာဝဓာတ်ငွေ့ ကို မျှဝေသုံးစွဲနိုင်ရန်အတွက် ပူးပေါင်း ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာ- တရုတ်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက် လိုင်းများ၏ စွမ်းရည်အပြည့်အသုံးပြုနိုင်ရန် အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ နိုင်ငံ၏ အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများ၊ ပိုက်လိုင်း များတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ရေနံချက်စက်ရုံနှင့် ဓာတ် မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများတွင် ရင်းနှီး မြှုပ်နှံမှုများဆောင်ရွက်နိုင်မည့် အခြေ အနေများနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ လ ၁၂ ရက်တွင် ပေကျင်းမြို့ရှိ အမျိုးသား စွမ်းအင်အုပ်ချုပ်မှုအဖွဲ့ (National Energy Administration (NEA))၏ အစည်းအဝေး ခန်းမဆောင်၌ ဒုတိယအကြီးအကဲဦးဆောင် သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင် ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ စွမ်းအင် ဖူလုံမှုနှင့်လုံခြုံမှုအတွက် နှစ်နိုင်ငံဆောင်ရွက် နေသည့်အခြေအနေများ၊ Green Energy နှင့် New Energy များအတွက် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ နည်းပညာနှင့် ရင်းနှီး မြှုပ်နှံမှုများဆောင်ရွက်ပေးနိုင်မည့်အခြေ အနေများ၊ တရုတ်နိုင်ငံအနေဖြင့် စွမ်းအင် ကဏ္ဍတွင် အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဒေသတို့နှင့် ပူးပေါင်းဆောင်ရွက်မှု များဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အချက်အချာကျ သည့်အားသာချက်ကိုရယူ၍ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရုတ် နိုင်ငံမှဆောင်ရွက်ပေးနိုင်သည့် အခွင့် အလမ်းများကိုဆွေးနွေးခဲ့ပြီး ပြည်ထောင်စု ဝန်ကြီး၏တတိယအကြိမ်မြောက် ကမ္ဘာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံ တွင် ဆွေးနွေးခဲ့သည့်ခေါင်းစဉ်အား ကြိုဆို ခဲ့ပြီး နှစ်ဦးနှစ်ဖက်အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Sino-pipeline International (SPI) ၏ ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့မှ ပြည်ထောင်စုဝန်ကြီးအား တည်းခို သည့်နေရာသို့ လာရောက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးခရီးစဉ်အတွင်း တရုတ် နိုင်ငံ စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် တွေ့ဆုံခဲ့မှုရလဒ်များ အပေါ်တွင် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲများသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာသံရုံး၊ ပေကျင်းမြို့မှ သံမှူးကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့ ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ကျွန်တော် ရယူပိုင်ဆိုင်ထားတဲ့ ကျောင်းဆရာဘဝကို သမ္မတရာထူးနဲ့ တောင် မလဲနိုင်ဘူးဗျ"

"ကျွန်တော် ဘယ်လိုပြောရမလဲ၊ ရင်ထဲမှာပျော်ရွှင်မှုကြီး တစ်ဆို့နေတယ်ဗျာ"

ပညာရေးပန်းမြိုင်လယ်ထဲမှာ ပန်းပင်လေးများကို ရေမှန်မှန်လောင်း ပေါင်းမြက်ရှင်းလင်းပြီး လူ့ဘဝမြင်ကွင်းမှာ ပန်းများကိုပွင့်စေမည်။ ပွင့်သောပန်းတိုင်း လှစေရမည်၊ မွှေးစေရမည်၊ ရနံ့သင်းစေရမည်။

၁၉၆၇-၁၉၆၈ ခုနှစ်မှစပြီး န၀မတန်း (ကျောင်းထွက်လက်မှတ်ရစာမေးပွဲ) ရှုံးကာ ကျောင်းပြင်ပသို့ ရောက်ရှိလာခဲ့သည်။ ယင်းနှစ်မှာပဲ မြေပုံမြို့နယ် ငပသုန်ရွာ အစိုးရမူလတန်းကျောင်းမှာ အကူဆရာ (စပါးတောင်းဆရာ)အဖြစ် ကြုံကြုံဖန်ဖန် ကျောင်းဆရာဖြစ်လာခဲ့သည်။ သို့သော် ဗ.က.ပ သောင်းကျန်းသူတို့၏ သေနတ်ပြောင်းဝက ကိုယ့်ဘက်သို့ လှည့်လာသလိုမျိုးဖြစ်၍ ကျောင်းဆရာတံဆိပ်ကို ပြန်လည်ခွာချခဲ့ရသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ လေးနှစ်တာကာလမှာတော့ မြေပုံမြို့နယ် သရက်တောင်ရွာမှာ တွဲဖက်အလယ်တန်းပြဆရာ(အကူဆရာ) အဖြစ် ကျောင်းဆရာရနံ့ကို ရှူရှိုက်ရင်း သင်ပြသင်ယူရေး ပညာရေးပန်းဥယျာဉ်ထဲရောက်ခဲ့ပြန်သည်။ ကျောင်းဆရာ တကယ်ပဲ မဖြစ်ရကောင်းလားဟု ဖွဲ့မာန်တင်းပြီး ပြန်လည်ကြိုးစားလုပ်ကိုင်ခဲ့ရာ ၁၀ နှစ်မြောက်ကာလသို့ ရောက်မှသာလျှင် န၀မတန်းစာမေးပွဲကို (အပြင်ဖြေ)ဖြင့် အောင်မြင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ကျောင်းဆရာဖြစ်ရေးအတွက် ဆက်လက်ကြိုးစားလာခဲ့ရာ ၁၉၇၈-၁၉၇၉ ပညာသင်နှစ် (ကျောင်းထွက်ပြီး ၁၂ နှစ်ကြာ) သို့ ရောက်မှသာလျှင် အခြေခံပညာ အထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်ခဲ့သဖြင့် ပညာရေးဌာနက မူလတန်းပြ(ဆွဲခန့်) ဆရာအဖြစ် တာဝန်ပေးခြင်းခံခဲ့ရပေသည်။

**"ကျွန်တော်သည် ကလေးများ ကျောင်းစာအပေါ်တွင် စိတ်ဝင်စားစေရန်၊ ကျောင်းတက်မှန်စေရန်၊ စာကြိုးစားစေရန် စည်းရုံးပြီး သင်ကြားရေးကန့်လန့်ကာကိုဖွင့်ကာ အစိုးရခန့် ကျောင်းဆရာဘဝတစ်ဖြစ်လဲ လူသားရင်းမြစ်တို့၏ ဥယျာဉ်မှူးဘဝကို စတင်ခင်းကျင်းလိုက်ပါတော့သည်။**

**ပြိုင်လှေများနှယ် တာထွက်သည်ဆိုကတည်းက လှော်တက်ကိုမှန်မှန်ချပြီး တက်ချက်ကောင်းကောင်းဖြင့် စတင်လှော်တော့သည်. . ."**

ခြုံငုံသုံးသပ်ပြီးပြောရလျှင် ကျောင်းမှထွက်ပြီးနောက် ကျောင်းဆရာဖြစ်ရေးအတွက် ကြိုးစားလာခဲ့သည်မှာ ၁၂ နှစ်လုံးလုံးကြာမှ မိမိ အနှစ်နှစ်အလလ ကြိုးစားခဲ့သော၊ တစ်နည်းအားဖြင့် ပေးဆပ်မှုပေါင်းများစွာဖြင့် ရယူခဲ့သော ကျောင်းဆရာဘဝပေတည်း။ ၁၉၆၀ ပြည့်နှစ် စတုတ္ထတန်းအောင်ပြီး ရွာမှ စတင်ထွက်ခွာခဲ့သည်မှ ရေတွက်လျှင် နှစ်ပေါင်း ၂၀ တိတိကြာခဲ့ရပါလေပြီကော။ ကျွန်တော်သည် မြန်မာ့လူ့ဘောင်ထဲက လူသားရင်းမြစ်များ ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သော အမြုတေရတနာဟု ကိုယ့်ကိုယ်ကိုယ် ခံယူထားပါသည်။

ကျွန်တော်သည် ငပသုန်ရွာတွင် အလွတ်ဆရာ(အကူဆရာ)အဖြစ် အစိုးရမူလတန်းကျောင်း၌ စာသင်စာပြလုပ်ခဲ့စဉ်တုန်းက ငပသုန်ရွာတွင် မြို့နယ်စစ် စတုတ္ထတန်းစာမေးပွဲအောင် ကျောင်းသားများ ဖြစ်လာစေရန် ကြိုးစားသင်ပြနိုင်ခဲ့ပေသည်။ ယခုတစ်ခါ မြေပုံမြို့နယ် သရက်တောင်ရွာတွင်လည်း အစိုးရစစ် အဌမတန်းအောင် ကျောင်းသားများဆိုသည်ကို ကျွန်တော် ကြိုးစားအားထုတ်နိုင်ခဲ့ပြန်လေပြီ။ အဓိပ္ပာယ်ကတော့ ကျောင်းဆရာဘဝကို အခိုက်အတန့်လေး လုပ်ပိုင်ခွင့်၊ ကြိုးစားပိုင်ခွင့်ရလျှင်ပင် အောင်မြင်မှုမှတ်တိုင်တစ်ခုစီ စိုက်ထူနိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် မြေပုံမြို့နယ် ပြည်သူ့ကောင်စီ (အလုပ်အမှုဆောင်အဖွဲ့)၏ (၃၅/၇၉) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအရ မြို့နယ်ပညာရေးမှူးရုံး၊ မြေပုံမြို့၊ စာအမှတ် ၂၀၇၈/ခ-ဆ(မိန်း) ၇၉၊ နေ့စွဲ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် ရက်စွဲပါစာအရ အခြေခံပညာအထက်တန်းစာမေးပွဲအောင် (အပြင်လူ) ၂၅ ဦးအား မူလတန်းပြဆရာများအဖြစ် ခွဲဝေခန့်ထားခဲ့ရာ ကျွန်တော် တစ်ဦးအပါအဝင်ဖြစ်ပါသည်။

၁၉၇၉ – ၁၉၈၀ ပညာသင်နှစ်သည် ကျောင်းဆရာရူးနေသော ကျွန်တော် ဘညွန့်ပညာရေးဌာန၌ တရားဝင်ကျောင်းဆရာဖြစ်ခဲ့လေပြီ။ ဒီနှစ်တွင် တွဲဖက်အလယ်တန်းပြဆရာဆိုတော့ ဝတ်ရုံလွှာကွာကျပြီး မူလတန်းဆရာဆိုသော အမည်သစ်လေးဖြင့် လောကတန်ဆာဆင်ခွင့်ရလေပြီ။ လစာ စကေးကတော့ ၁၅၀-/၁၀-/-၂၂၀/- ပေတည်း။

ကျွန်တော့်အား တရားဝင်ကျောင်းဆရာအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သော မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ လူမှုရေးတာဝန်ခံ ဦးထွန်းကြိုင်အားလည်းကောင်း၊ ကျန်းမာရေးကောင်းမွန်ပါသည်၊ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံပေးသော မြို့နယ်ဆရာဝန် ဒေါက်တာကျော်မြင့်အားလည်းကောင်း၊ မူလတန်းပြကျောင်းဆရာအဖြစ် အတည်ပြုလက်မှတ်ထိုးပေးသော မြို့နယ်ပညာရေးမှူး ဦးသန်းအောင် (ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့ဇာတိ)အားလည်းကောင်း ကျွန်တော့်တစ်သက် တစ်ဘဝ ထာဝရ ကျေးဇူးတင်နေမိပါသည်။ ယခုဆိုလျှင် ဤဆရာကြီးများသည်လည်း တမလွန်ဘဝသို့ ရောက်ရှိနေကြပြီဖြစ်ပေလိမ့်မည်။ ဆရာကြီးများ ကောင်းရာဘုံဘဝရောက်ရှိနိုင်ကြပါစေဟူ၍ ဆုတောင်းပေးလိုက်ပါသည်။

ကျွန်တော်၏ ဆန္ဒသဘောထားနှင့် လုပ်ရည်ကိုင်ရည်ကို သဘောကျလို့ပေလားမသိ။ မူလတန်းကျောင်းအုပ်ဆရာကြီးသည် ကျွန်တော့်အား စတုတ္ထတန်းကို သင်ပြပေးရန် အတန်းခွဲဝေတာဝန်ပေးလိုက်သည်။ ကျွန်တော်ကတော့ ဘယ်အတန်းပဲပြရပြရ ဖြစ်လိုသည်ကို ဖြစ်ခွင့်ရပြီဖြစ်၍ အပျော်ကြီးပျော်နေခဲ့ပေသည်။

ကျွန်တော် စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများကို (က) စာရင်းတွင် ရေးမှတ်လိုက်သည်။ အကုန်လုံး ၆၄ ယောက်တိတိရှိပေသည်။

"သားတို့၊ သမီးတို့ကို ဆရာက စတုတ္ထတန်းဘာသာရပ်တွေကို သင်ပြမယ်၊ သားတို့၊ သမီးတို့က ကျောင်းမှန်မှန်တက်ကြရမယ်၊ စာကြိုးစားကြရမယ်၊ စတုတ္ထတန်းက မြို့နယ်စစ်ဆိုတော့ ကိုယ့်ရွာမှာ မဖြေရဘူး၊ ကမ်းထောင်းကြီးရွာမှာ သွားဖြေကြရမယ်။ သားတို့၊ သမီးတို့ ဒီနှစ်စတုတ္ထတန်းအောင်သွားလို့ရှိရင် ကိုယ့်ရွာမှာပဲ (၅) တန်း၊ (၆) တန်း၊ (၇) တန်း၊ (၈) တန်းတွေ သင်လို့ရတယ်"

"ကိုယ့်ရွာက (၈) တန်းအောင်ပြီးရင် မြို့ကျောင်းမှာ (၉)တန်း တစ်နှစ်၊ (၁၀) တန်း တစ်နှစ် နှစ်နှစ်တက်လို့ (၁၀)တန်းအောင်ပြီးသွားရင် ဆရာတို့လို ကျောင်းဆရာလုပ်လို့ရတယ်၊ အမှတ်ကောင်းကောင်းနဲ့အောင်ရင် ဆရာဝန်လုပ်လို့ရတယ်၊ အင်ဂျင်နီယာလုပ်လို့ရတယ်"

ကျွန်တော်သည် ကလေးများ ကျောင်းစာအပေါ်တွင် စိတ်ဝင်စားစေရန်၊ ကျောင်းတက်မှန်စေရန်၊ စာကြိုးစားစေရန် စည်းရုံးပြီး သင်ကြားရေးကန့်လန့်ကာကိုဖွင့်ကာ အစိုးရခန့် ကျောင်းဆရာဘဝတစ်ဖြစ်လဲ လူသားရင်းမြစ်တို့၏ ဥယျာဉ်မှူးဘဝကို စတင်ခင်းကျင်းလိုက်ပါတော့သည်။

ပြိုင်လှေများနှယ် တာထွက်သည်ဆိုကတည်းက လှော်တက်ကို မှန်မှန်ချပြီး တက်ချက်ကောင်းကောင်းဖြင့် စတင်လှော်တော့သည်။ ကျောင်းတက်ရက်များတွင် နေ့စဉ် မနက် ၉ နာရီအရောက်သွားသည်။ တစ်နာရီ ကြိုတင်ပြင်ဆင်သည်။ ၁၀ နာရီမှာ စာသင်ခန်းဝင်ပြီး စာသင်ပြသည်။ မွန်းလွဲ ၁ နာရီမှာ ကျောင်းသားများအား အိမ်ပြန်ပြီး စာအုပ်လဲခြင်း၊ မုန့်စားခြင်းတို့ကို လုပ်ဆောင်စေသည်။ ကိုယ်တိုင်အနားယူခြင်း၊ ဆရာ၊ ဆရာမများနှင့် စကားစမြည်ပြောဆိုခြင်းတို့ကို ပြုလုပ်သည်။ ၂ နာရီတွင် ညနေပိုင်း စာသင်ရန် စာသင်ခန်းပြန်ဝင်သည်။ ၄ နာရီတွင် ကျောင်းပြန်လွှတ်သည်။ သို့သော် တစ်နေ့တလေ လိုအပ်လျှင် ညနေ ၄ နာရီမှ ၅ နာရီအထိ စာဆက်သင်သည်။ ဤတစ်နာရီ အချိန်ပိုသင်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးအား ခွင့်တောင်းထားသလို ကျောင်းသားမိဘများကိုလည်း အကျိုးအကြောင်း ပြောပြထားပြီးဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကျင်းပ



နတ်မောက် နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကို နိုဝင်ဘာလ ၁၃ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်ရည်ထက်မြက်စေရန်၊ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာဖတ်စွမ်းရည် တိုးတက်စေရန်၊ ဘာသာစကားကို တန်ဖိုးထားတတ်စေရန်နှင့် မိမိရုံးစာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်းနှင့် စာဖတ်နည်း (၃)နည်းအကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ ပုံပြောပြိုင်ပွဲတွင် ဒေါင်းယောင်ဆောင်သောကျီးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျေးညီနောင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ယုန်နှင့်လိပ်ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူငါးဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါမူလတန်းအဆင့် ပုံပြောပြိုင်ပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

လှဝင်း



ကျောင်းတော်ကြီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဇနီးတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က လယ်ဝေးမြို့၊ အင်းသာအရှေ့ကျောင်းတိုက် ဆရာတော် အဘိဓဇ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်စဉ်။





မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကထိန်ခံမာရဝိဇယကျောင်းတော်ကြီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

❍ ကျောဖုံးမှအဆက်

ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံမာရဝိဇယဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊

**စာမျက်နှာ ၆ သို့** ❍



ပေါက်မြိုင်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**❍ စာမျက်နှာ ၅ မှအဆက်**

ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားသည်။

၎င်းနောက် မာရဝိဇယကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းချတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပေါက်မြိုင်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



လယ်ဝေးမြို့၊ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တပဏ္ဍိတထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။




ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ဆရာတော်ထံ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားနှင့်ပတ်သက်၍ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၏ စကားသံများ

လဲ့ရည်လှိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ၏စကားသံများကို ဖော်ပြလိုက်ရပါသည် -



ဦးဇင်းဝိမလ



ဒေါ်သင်းသင်းခိုင်



မဖွေးအိအိဖြူ



ဦးအောင်မျိုးထွန်း

**ဦးဝိမလ၊ ရွှေအင်းတောပရိယတ္တိစာသင်တိုက်၊ မြို့သစ်မြို့**

ဦးဇင်းက မာရဝိဇယဘုရားကို မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ ရွှေအင်းတောပရိယတ္တိစာသင်တိုက်ကနေ မာရဝိဇယဘုရားကို လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဦးဇင်းတို့က ၂၂ ပါး လာရောက်ဖူးမြော်တာ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနဲ့ ကြုံကြိုက်တာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဘုရားသားတော်တစ်ပါးဖြစ်တဲ့အတွက် ဒီလိုမြင်ကွင်းကိုမြင်ရတဲ့အတွက် အရမ်းစိတ်ချမ်းသာမိပါတယ်။ မာရဝိဇယဘုရားကြီးကို ပထမအကြိမ် လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဘုရားကြီးကအရမ်းသပ္ပာယ်ပြီး တည်ထားတဲ့ဇရပ်တွေလည်း အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုဘုရားကြီးကို မြန်မာပြည်သူပြည်သားများ၊ အခြားနိုင်ငံကပြည်သူပြည်သားများလည်း ဖူးမြော်ကြည်ညိုနိုင်အောင် နိုင်ငံတော်ဝန်ကြီးချုပ်က မတည်တည်ထားပေးတဲ့အတွက် အများကြီးဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံမှာ အများပြည်သူလာရောက်ဖူးမြော်နိုင်အောင်လုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်သင်းသင်းခိုင်၊ ပျဉ်းမနားမြို့နယ် (MSME) အသင်းဥက္ကဋ္ဌ**

ကျွန်မကတော့ ပျဉ်းမနားမြို့နယ် (MSME) အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်ဖြစ်ပါတယ်။ ရွှေသီးနှံဆန်စက်နဲ့ ပဲပွဲရုံလုပ်ငန်းကိုလုပ်ကိုင်ပါတယ်။ ကျွန်မတို့က မာရဝိဇယဘုရားကြီးရဲ့တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကြီးမှာ ပျဉ်းမနားမြို့နယ်ကိုယ်စားပြုအနေနဲ့လာပြီး ရောင်းချခြင်းဖြစ်ပါတယ်။ ထုတ်ကုန်ပစ္စည်းတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ရောင်းချပေးပါတယ်။ ထုတ်လုပ်တဲ့ပစ္စည်းမှန်သမျှလုပ်ငန်းရှင်များလည်း အဆင်ပြေတိုးတက်အောင် လာရောက်ရောင်းချခြင်းဖြစ်ပါတယ်။ ကျွန်မတို့ရောင်းချတဲ့ပစ္စည်းတွေက အိမ်သုံးကုန်ပစ္စည်း၊ IT ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းတွေကိုလည်း ရောင်းချပေးပါတယ်။ ပွဲတော်ကာလဖြစ်တဲ့ နိုဝင်ဘာလ ၁၂ ရက်ကနေ ၁၅ ရက်အထိ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ အများပြည်သူများအနေနဲ့ မာရဝိဇယဘုရားကြီးရဲ့တန်ဆောင်တိုင်ပွဲတော်ကို ဘုရားဖူးလာရင်း ဈေးရောင်းပွဲတော်ကြီးဆီသို့ လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ နောင်နှစ်များမှာလည်း ယခုလိုမျိုးဈေးရောင်းပွဲကြီးကို ကျင်းပပေးဖို့ပြောချင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မဖွေးအိအိဖြူ၊ ပြင်ဦးလွင် ဘုရားဖူးပြည်သူ**

ကျွန်မက သူငယ်ချင်းဆီလာရင်း ဘုရားဖူးလာဖြစ်တာပါ။ မာရဝိဇယဘုရားကြီးရဲ့ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲနဲ့ ဈေးရောင်းပွဲတော်ကြုံဖြစ်တာပါ။ မာရဝိဇယဘုရားကြီးကို ဖူးမြော်ပြီး စိတ်ထဲမှာကြည်နူးပီတိခံစားမိပါတယ်။ အခုပထမဆုံး လာရောက်ဖူးမြော်ရတာက အတော်လေး စိတ်အေးချမ်းပျော်ရွှင်မိပါတယ်။ ဘုရားကြီးမှာ ပြည်သူအများကြီးနဲ့လည်းတွေ့ရတော့ ပီတိဖြစ်မိပါတယ်။ ကမ္ဘာမှာထိုင်တော်မူ ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်တယ်လို့ သိရတဲ့အတွက် ကိုယ်တိုင်ဖူးတွေ့ရတော့ အံ့သြဖွယ်ဖြစ်မိပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်တဲ့အတွက် ပထမဆုံးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဗုဒ္ဓဘာသာသာသနာလည်း ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့နိုင်ပါစေလို့ ဆုတောင်းပါတယ်။ နောက်ပြီး ဘုရားဒါယကာ၊ ဒါယိကာမတွေလည်း "ကမ္ဘာမှာမြန်မာဟေ့" ဆိုပြီး ဘုရားပေါင်းများစွာတည်ထားကိုးကွယ်နိုင်ပါစေလို့ရင်ထဲကနေ ဆန္ဒပြုဆုတောင်းပေးပါတယ်။ ဘုရားကြီးကိုမဖူးရသေးတဲ့ပြည်သူများလည်းလာရောက်ဖူးမြော်ဖို့ ပြောချင်ပါတယ်။ မာရဝိဇယဘုရားကြီးမှာ ကိုယ်မမြင်ဖူးမတွေ့ဖူးတဲ့ စကျင်ကျောက်နဲ့ရေးထိုးထားတဲ့ ကျောက်စာရုံစေတီတော်တွေ၊ မြန်မာမှုအနုပညာလက်ရာတွေကိုလည်း လေ့လာနိုင်ပါတယ်။

**ဦးအောင်မျိုးထွန်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်- ရှမ်းပြည်နယ်**

ကျွန်တော်တို့အဖွဲ့က ညမီးကျည် မီးပုံးပျံအမျိုးအစားနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ညမီးကျည်မီးပုံးပျံကို အမှတ်ပေးဒိုင်အဖွဲ့က သတ်မှတ်ပေးထားတဲ့ အရွယ်အစားအတိုင်းပြင်ဆင်ထားပါတယ်။ သတ်မှတ်ချက်အတိုင်း ယမ်းပိဿာချိန် ၂၅ ပိဿာ ထည့်သွင်းထားပါတယ်။ ကျန်တာကတော့ ယမ်းပညာရှင်တွေ၊ မီးပုံးပျံပညာရှင်တွေရဲ့ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ယမ်းအချိုးအစားစပ်တာတွေ၊ အရောင်လှပမှုအတွက် ဖွဲ့စည်းထားတာတွေ၊ မီးပုံးပျံကို သတ်မှတ်ချိန်အတွင်းမှာ ကောင်းကင်ယံကို အချိန်မီလွှတ်တင်နိုင်ဖို့ အားလုံးစုပေါင်းပြီး ဆောင်ရွက်ထားတာဖြစ်ပါတယ်၊ ကျွန်တော်ကတော့ မီးပုံးပျံပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြီးကြပ်သူအနေနဲ့ ယမ်းအဖွဲ့တွေရော၊ မီးပုံးပျံအဖွဲ့တွေရော၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့တွေရော ကျွန်တော်တာဝန်ယူစီစဉ်ပေးထားခြင်းဖြစ်ပါတယ်။ အဖွဲ့တွေအားလုံး တောင်ကြီးကနေတစ်ပါတည်းပါလာတာဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပထမဆုံး စတင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ အခုလိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ။

# ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၅၅၄၆၇ ဧက စိုက်ပျိုးနိုင်ခဲ့

**စစ်ကိုင်း နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၅၅၄၆၇ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"၂၀၂၃- ၂၀၂၄ မှာ ဆီထွက်သီးနှံ ၈၆၁၅၁ ဧကကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ဆီထွက်သီးနှံ ၈၆၇၇၁ ဧကလျာထား စိုက်ပျိုးခဲ့ရာ ၅၅၄၆၇ ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ လျာထားချက်ရဲ့ ၆၃ ဒသမ ၉၂ ရာခိုင်နှုန်း စိုက်ပျိုးထားပြီး လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများရာသီချိန်အမီ သီးနှံမျိုးစုံ မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ သဘာဝမြေသြဇာများ စနစ်တကျအသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေး၊ ရိတ်သိမ်းချိန်အလွန် အလေအလွင့်မရှိစေရေးအတွက် ကွင်းဆင်းကြည့်ရှု စစ်ဆေးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇော်မြင့်နိုင်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၁-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး |
| ၂။ | ၇:၂၀ | မေတ္တာပို့ | | | မြန်မာတိုင်းရင်းဆေး |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး | ၉။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၄။ | ၇:၄၅ | မျိုးချစ်တပ်မတော် | | | **ပုဂံမှာသာတဲ့လ** |
| ၅။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ | | | **(ဇာတ်သိမ်းပိုင်း)** |
| ၆။ | ၈:၃၅ | သုတရသစုံလင် | | | **သရုပ်ဆောင် ရန်အောင်၊** |
| | | ဗဟုသုတပုံပြင် | | | **မေသန်းနု** |
| ၇။ | ၉:၁၅ | ကျန်းမာသုတ | | | **ဒါရိုက်တာ မြတ်တင်အေး** |

# သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး) တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် (၂၀၂၄ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းများကို နိုဝင်ဘာလ ၁၄ ရက် (ကြာသပတေးနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး နိုဝင်ဘာလ ၂၁ ရက် (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းကြပါစို့

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်
ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်းပါး

> "ဆီးချိုသွေးချိုရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏အဓိကအကြောင်းရင်းများမှာ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်မှုမရှိသော လူနေမှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ နေထိုင်စားသောက်မှုပုံစံများ ကျန်းမာရေးနှင့်မညီညွတ်ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း စသည်တို့ . . .
>
> ထိုရောဂါများ မဖြစ်ပွားစေရန် လူတစ်ဦးချင်းစီက မိမိတို့၏အစားအသောက်အနေအထိုင်အပြုအမူများကို ကျန်းမာရေးနှင့်ညီညွတ်သောပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် အထူးလိုအပ် . . ."

### ကမ္ဘာ့ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုအခြေအနေ

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်သည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေသူ ၄၂၂ သန်းရှိပြီး အများစုမှာ ဝင်ငွေအသင့်အတင့်နှင့် ဝင်ငွေနည်းသောတိုင်းပြည်များတွင် နေထိုင်ကြသည်ကို တွေ့ရပါသည်။ လူဆယ်ဦးလျှင် တစ်ဦးတွင် ဆီးချိုသွေးချိုရောဂါရှိနေသည်ကို တွေ့ရကာ ထက်ဝက်နီးပါးခန့်သည် မိမိတွင် ဆီးချိုသွေးချိုရောဂါရှိလို့ရှိမှန်းမသိကြသည်ကို အံ့သြဖွယ်တွေ့ရှိရပါသည်။ တစ်နှစ်လျှင် လူဦးရေ ၁ ဒသမ ၅ သန်းသည် ဆီးချိုနှင့် သေဆုံးကြရသည်ကိုတွေ့ရပါသည်။ လွန်ခဲ့သောဆယ်စုနှစ်များမှစ၍ ဆီးချိုဖြစ်ပွားနေသူနှင့် ဆီးချိုဖြစ်ပွားနိုင်ခြေရှိသူဦးရေ များပြားလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ် သုတေသနပညာရှင်များ၏ ဒေသတွင်းကောက်ယူခဲ့သော စာတမ်းများမှ တွက်ချက်ဆန်းစစ်မှု(Meta–analysis) အရ အရှေ့တောင်အာရှဒေသ၌ ကိုယ်ဝန်ဆောင်မိခင်ငါးဦးတွင် တစ်ဦးသည်ကိုယ်ဝန်ဆောင်ဆီးချို (Gestational diabetes) ရှိသည်ကို တွေ့ရပါသည်။ ကိုယ်ဝန်ဆောင်ဆီးချိုကြောင့် မိခင်နှင့်ကလေး သေဆုံးမှုမြင့်မားစေသည့်အပြင် မွေးပြီးမိခင်များသည်လည်း နောင်ဆီးချိုဖြစ်လာမည့်အလားအလာပိုများပါသည်။ မွေးလာမည့်ကလေးသည်လည်း ကြီးပြင်းလာသည့်အခါ အဝလွန်ခြင်း၊ ဆီးချိုရောဂါဖြစ်နိုင်ခြေပိုများခြင်းတို့ကို တွေ့ရပါသည်။

### မြန်မာနိုင်ငံ၏ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုအခြေအနေ

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင်ပြုလုပ်ခဲ့သော STEPS Survey အစီရင်ခံစာအရအသက် (၂၅–၆၅) နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး prediabetes ဟုခေါ်သော ကနဦးဆီးချိုအဆင့်မှာ မြန်မာနိုင်ငံတွင် ၁၉ ဒသမ ၇ ရာခိုင်နှုန်း (ငါးယောက်မှာတစ်ယောက်) ရှိနေသည်ကို တွေ့ရပါသည်။ ထို့ပြင် သွေးတိုးရောဂါဖြစ်ပွားနေသူများမှာ ၂၆ ရာခိုင်နှုန်း၊ သွေးတွင်းအဆီဓာတ်များနေသူများမှာ ၃၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူ ၅၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် အဝလွန်သူ ၂၂ ဒသမ ၄ ရာခိုင်နှုန်းရှိနေသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ဆီးချိုသွေးချိုရောဂါ၏နောက်ဆက်တွဲရောဂါများနှင့် မကူးစက်နိုင်သောရောဂါများဖြစ်သော လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်း၊ ကင်ဆာရောဂါ စသည်တို့ပိုမိုဖြစ်ပွားလာခြင်းကို တွေ့ရပါသည်။ ထိုရောဂါများခံစားနေကြရ၍ ဝေဒနာရှင်များသည် အရွယ်မတိုင်ခင်သေဆုံးရခြင်း၊ ဒုက္ခိတဖြစ်ခြင်း၊ အလုပ်မလုပ်နိုင်တော့ခြင်း စသောဆိုးကျိုးများ တွေ့ကြုံရပါသည်။ ဝေဒနာရှင်များ၏မိသားစုတိုင်းမှာ လူနာကိုကုသရသောစရိတ်ကုန်ကျမှုနှင့် ဆက်စပ်ပြီး လူမှုစီးပွားဒုက္ခများခံစားကြရရုံသာမက နိုင်ငံတော်အနေနှင့်လည်း ဆေးကုသစရိတ်များကြောင့် တိုင်းပြည်ဝင်ငွေမြောက်များစွာ ဆုံးရှုံးနေရပါသည်။

### ဆီးချိုသွေးချိုရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများ

အဆိုပါ ဆီးချိုသွေးချိုရောဂါနှင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများမှာ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်မှုမရှိသော လူနေမှုပုံစံများဖြစ်သည့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ နေထိုင်စားသောက်မှုပုံစံများ ကျန်းမာရေးနှင့်မညီညွတ်ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းစသည်တို့ ဖြစ်ကြပါသည်။ ထိုရောဂါများ မဖြစ်ပွားစေရန် လူတစ်ဦးချင်းစီက မိမိတို့၏အစားအသောက်အနေအထိုင်အပြုအမူများကို ကျန်းမာရေးနှင့်ညီညွတ်သောပုံစံများဖြစ်အောင် ပြောင်းလဲနေထိုင်ရန် အထူးလိုအပ်ပါသည်။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစာများ စားသုံးခြင်းကိုရှောင်ကြဉ်ခြင်း၊ အစားအသောက်ကို သွေးချိုအနည်းအများပေါ်မူတည်၍ မျှတအောင်ချင့်ချိန်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများပုံမှန်ပြုလုပ်ခြင်း၊ ကျန်းမာစေသောလူနေမှုအလေ့အကျင့်များကို လေ့လာမွေးမြူထိန်းသိမ်းခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုကို ရှောင်ကြဉ်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းကိုရှောင်ကြဉ်ခြင်း၊ သွေးချိုအတက်အကျကို အမြဲမပြတ်စောင့်ကြပ်ထိန်းသိမ်းခြင်း၊ ဆီးချိုသွေးချိုနှင့် ဆက်နွှယ်နေသောရောဂါများ မဝင်နိုင်စေရန် သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ်များပုံမှန်ဖြစ်အောင် စစ်ဆေးထိန်းသိမ်းထားခြင်း၊ နှလုံး၊ မျက်စိပုံမှန်စစ်ဆေးခြင်းနှင့် သမားတော်၊ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများနှင့် မကြာခဏတွေ့ဆုံ၍ ဆီးချိုသွေးချိုရောဂါပြုစုစောင့်ရှောက်ကုသမှုများကို ခံယူခြင်းဖြင့် ဆီးချိုသွေးချိုရောဂါနှင့် ယင်း၏နောက်ဆက်တွဲရောဂါများ မဝင်ရောက်နိုင်အောင် အများအားဖြင့် ဟန့်တားကာကွယ်နိုင်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အချက်များကို သိရှိလိုက်နာခြင်းဖြင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုကို ၈၀ ရာခိုင်နှုန်းခန့် ကာကွယ်နိုင်ကြောင်း သုတေသနစာတမ်းများတွင် ဖော်ပြထားပါသည်။

### ကမ္ဘာ့ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးနေ့ အကြောင်း သိကောင်းစရာ

တစ်စတစ်စကြီးထွားလာသော ဆီးချိုသွေးချိုရောဂါ အန္တရာယ်ခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးနေ့ကို ၁၉၉၁ ခုနှစ်မှစ၍ စတင်ကျင်းပခဲ့ပါသည်။ ဆီးချိုသွေးချိုရောဂါကုထုံးတစ်ခုဖြစ်သည့် အင်ဆူလင်ဆေးကို ၁၉၂၂ ခုနှစ်က စတင်တွေ့ရှိခဲ့သည့် ကနေဒါသမားတော်ကြီး ဆာဖရက်ဒီရစ်ဘင်တင်း (Sir Frederick G Banting) ကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ဖြစ်သည့် နိုဝင်ဘာလ ၁၄ ရက်ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day)အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်ကြီး(IDF)က နိုဝင်ဘာလကို ဆီးချိုသွေးချိုရောဂါသတိပြုစေရေးလ (Diabetes Awareness month)အဖြစ်သတ်မှတ်ပြီး ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့တွင် အထူးသဖြင့် ပြုလုပ်ကြစေလိုပါသည်။ လူတိုင်း ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေရှိသည်ကို သတိရှိဖို့အရေးကြီးသည့်အတွက် ဆီးချိုရောဂါမဖြစ်စေရေးနှင့် ဆီးချိုရောဂါရှိပါကလည်း နောက်ဆက်တွဲရောဂါများ မဝင်ရောက်စေရေးတို့ကို ဦးတည်ချက်ထားရှိ၍ လှုပ်ရှားဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ ဆီးချိုသွေးချိုရောဂါနှင့် နီးနွှယ်သော နောက်ဆက်တွဲရောဂါများ၏ဆိုးကျိုးသက်ရောက်မှုများ၊ ရောဂါနှင့်ပတ်သက်သောမှန်ကန်သည့်သတင်းအချက်အလက်များ လက်လှမ်းမီစေရေး အရေးစိုက်ရန်လိုအပ်မှုများနှင့် အချိန်မီကာကွယ်ကုသရေး စသည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထုအတွင်း သေချာစွာသိရှိစေရန်တို့ကို မီးမောင်းထိုးပြလို၍ ကျင်းပခြင်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ EMPOWERING GLOBAL HEALTH အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းလို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့ဟူ၍ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးကို ခွန်အားပေးကြပါရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။ ဆောင်ပုဒ်၏ဆိုလိုရင်းမှာ ဆီးချိုသွေးချိုရောဂါရှိသူတစ်ဦးချင်းစီသာမက ဆီးချိုသွေးချိုဝေဒနာရှင်အားလုံး၏ကျန်းမာရေးစောင့်ရှောက်မှုများကို အတူပူးပေါင်းဆောင်ရွက်ရန် အရေးစိုက်စေလိုခြင်းဖြစ်ပါသည်။ သို့မှသာ ကမ္ဘာလုံးဆိုင်ရာဆီးချိုသွေးချိုရောဂါပြဿနာကို တိုက်ခိုက်နိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရနှင့်ကျန်းမာရေး ဝန်ကြီးဌာန၏ဆောင်ရွက်ချက်များ

နိုင်ငံတော်အစိုးရအနေနှင့်လည်း ပြည်သူလူထုအတွက် သင့်တင့်လျောက်ပတ်သောကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များဖြစ်စေရန်ဆောင်ရွက်ခြင်း၊ ဆေးရွက်ကြီးနှင့် အရက်ယမကာများအား အခွန်တိုးမြှင့်ခြင်းနှင့် ကောက်ခံရရှိသော အခွန်အခဘဏ္ဍာငွေကို ရောဂါတိုက်ဖျက်ရေးအတွက် အသုံးပြုခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုတွင် သကြားနှင့်အငန်ဓာတ်ပါဝင်မှုလျှော့ချခြင်း၊ ဆိုးဆေးနှင့် တခြားဓာတုပစ္စည်းများမပါဝင်စေရန် ကန့်သတ်တားမြစ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကိုအားပေးခြင်း၊ ကျန်းမာရေးအသိပညာများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားအောင် အထူးအလေးပေးခြင်း စသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော –

(၁) လူတိုင်းရောဂါဘယကင်းရှင်းရေး၊ (၂) လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးဟူသည့် ရည်မှန်းချက်တို့နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆီးချိုသွေးချိုရောဂါအပါအဝင် မကူးစက်နိုင်သောရောဂါများအားကာကွယ်ရန် ပထမအဆင့်အနေဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆောလျင်စွာရောဂါရှာဖွေခြင်းနှင့် လိုအပ်လျှင်လွှဲပြောင်းကုသခြင်း၊ တတိယအဆင့်အနေဖြင့် ရောဂါကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာမှာ ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါများ ကြိုတင်ကာကွယ်ကုသခြင်းလုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရနှင့် မိခင်နှင့်ကလေးဌာနများမှာ ဗုဒ္ဓဟူးနေ့တိုင်း၌ ဆောင်ရွက်ပေးလျက်ရှိပြီး ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါများကို ရှာဖွေစစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ လိုအပ်လျှင် သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာနိုင်ငံရှိ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားစေသောအကြောင်းရင်းများ စောင့်ကြပ်ကြည့်ရှုခြင်း (STEPS Survey) ဆိုင်ရာကိန်းဂဏန်းများကို နိုင်ငံတော်မှ ငွေကြေးများစွာ သုံးစွဲ၍ ကျန်းမာရေးဝန်ကြီးဌာနက ကြီးကြပ်ကောက်ခံသည့်လုပ်ငန်းများ စတင်နေပြီဖြစ်ပါသည်။

ဤဆီးချိုသွေးချိုရောဂါနှင့် မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရာမှာ ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းပါဝင်ခြင်းသည် များစွာအရေးကြီးလှပါသည်။ အထူးသဖြင့် ကျန်းမာရေးနှင့် နီးနွှယ်နေသောဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏အခန်းကဏ္ဍသည်လည်း အရေးပါလှပါသည်။ ထို့ကြောင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အခါသမယတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းရေးလှုပ်ရှားမှုများကို စည်းရုံးကျင်းပကာ တက်ကြွစွာအားလုံးပါဝင်နိုင်ဖို့၊ ဆီးချိုက လူသားတို့၏အသက်ဇီဝိန်ကိုမခြိမ်းခြောက်မီ အားလုံးအတူတကွပူးပေါင်းဆောင်ရွက်မှုဖြင့် ဆီးချိုသွေးချိုရောဂါအန္တရာယ်ကိုကာကွယ်နိုင်မည့် ကမ္ဘာလောကကြီးကို ဖန်တီးကြပါစို့ဟု နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။

ပါမောက္ခဒေါက်တာကိုကို

# မော်လမြိုင်-ရန်ကုန် တန်ဆောင်တိုင်အထူးရထား ထပ်တိုးပြေးဆွဲမည်




ရန်ကုန် နိုဝင်ဘာ ၁၃

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက နိုဝင်ဘာလ ၁၄ ရက်တွင် ရန်ကုန်-မော်လမြိုင် အဆန်အထူးရထားဖြင့်လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် မော်လမြိုင်-ရန်ကုန်အစုန်အထူးရထားဖြင့်လည်းကောင်း လေအိတ်ရထားတွဲဆိုင်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးမှသိရသည်။

"၁၄ ရက်နေ့အတွက် အသွားအပြန် ရထားတွဲလုံးပြတ်ငှားရမ်းထားတဲ့သူတွေလည်းရှိတယ်။ အဲဒီအချိန်ကျရင် ပိတ်ရက်ဆိုတော့ ခရီးသည်တွေကလည်းများတယ်။ ရထားအခုအချိန်တည်းက လူကျပ်ချင်နေပြီ အသွားအလာတွေအတော်များတယ်။ ပြီးတော့ ၁၇ ရက်နေ့က ဆရာမတွေ B.Ed ဘွဲ့ယူဖို့ မော်လမြိုင်ကနေ ရန်ကုန်ကိုသွားဖို့အတွက် လျှောက်လွှာတွေလာတင်ထားတာ အယောက် ၈၀ လောက်ရှိတယ်"ဟု မော်လမြိုင်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နိုဝင်ဘာလ ၁၄ ရက်တွင် ရန်ကုန်ဘူတာကြီးမှ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာမည့် အဆန်အထူးရထားသည် မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ နိုဝင်ဘာလ ၁၇ ရက်တွင် မော်လမြိုင်ဘူတာမှ နံနက် ၉ နာရီ ၁၅ မိနစ်တွင်ထွက်ခွာမည့် အစုန်အထူးရထားသည် ရန်ကုန်ဘူတာကြီးသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရပြီး အဆိုပါအစုန်အထူးရထားသည် မုတ္တမ၊ ပေါင်၊ ဇင်းကျိုက်၊ ရင်းငြိမ်၊ သထုံ၊ သိမ်ဆိပ်၊ နှင်းပုလဲ၊ တောင်စွန်း၊ မရမ်းကုန်း၊ ကျိုက်ထို၊ ကျိုက္ကသာ၊ မုပ္ပလင်၊ သိမ်ဇရပ်၊ ဝေါ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးမှ အသိပေးထုတ်ပြန်ချက်တွင်ပါရှိသည်။

နိုဝင်ဘာလ ၁၇ ရက်အတွက် အမှတ်(၈၂) အစုန်ရထားနှင့်အစုန်အထူးရထားအထက်တန်းသုံးရက်ကြိုတင်လက်မှတ်များအား မော်လမြိုင်ဘူတာကြီး ရက်ကြိုလက်မှတ်ရုံတွင် နိုဝင်ဘာလ ၁၄ ရက် နံနက် ၇ နာရီမှ ညနေ ၃ နာရီထိ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မော်လမြိုင်မှရန်ကုန်သို့ နေ့စဉ်ပြေးဆွဲလျက်ရှိသော အမှတ်(၈၂) အစုန်ရထားအား ပုံမှန်အတိုင်းပြေးဆွဲပေးမည်ဖြစ်ကြောင်းလည်း မော်လမြိုင်ဘူတာကြီးမှအသိပေးထားသည်။

MT

# တန့်ဆည်မြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံဧက ၇၃၂၀ ရိတ်သိမ်းပြီးစီး



တန့်ဆည် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံဧက ၇၃၂၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၉၆၈၃ ဧကအထိ စိုက်ပျိုးနိုင်ပြီး အဆိုပါစိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိအစေ့ထုတ်ပြောင်း ၅၃၁၉ ဧကနှင့် ဖူးစားပြောင်း ၂၀၀၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးခဲ့ကြောင်း သိရသည်။ (၄၀၉)

# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ရွှေတောင် နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(မယားမာန်)ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ထန်းကုန်းမြေနီဝကျောင်း၌ နိုဝင်ဘာလ ၁၂ ရက် နံနက်ပိုင်းတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(မယားမာန်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ငြိမ်းငြိမ်းသန့်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံနှင့် နောက်ခံသမိုင်းကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးနှင့်ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးအကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ယဉ်ယဉ်ဆင့်ကဆိုးဆေးများအကြောင်း၊ စားသုံးသူနှင့်ပတ်သက်သောကုန်စည်အမှတ်အသားရှစ်ချက်နှင့်ဆောင်ရန်၊ ရှောင်ရန် သိကောင်းစရာအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ရွှေဝတ်ရည်တိုးက "တိရစ္ဆာန်ဥယျာဉ်သို့ အလည်သွားခြင်း" စက္ကူပြဇာတ်တို့ဖြင့် ပုံပြင်များအသီးသီးပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလေးများက ရွှေ့လျားစာကြည့်တိုက် အဖြစ်ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ ဆက်)

## မာရဝိဇယတန်ဆောင်တိုင်

❏ မာရဝိဇယ ရုပ်ပွားတော်
ဖူးမြော်ရ ကြည်နူး။
ရဟန်းရှင် ပြည်သူအများရယ်နဲ့
နယ်တကာစုံ ဘုရားဖူးများရယ်က
ဝပ်တွားရှှင်မြူး။

❏ မာရဝိဇယ ရင်ပြင်
ဆင်ယင်တဲ့သဘင်ပွဲ။
ဘယာမသန်းအောင်လို့
မဟာပဋ္ဌာန်း ဒေသနာတော်နဲ့
ပူဇော်ကာ ဦးတော်ညွှတ်တယ်
ရွှတ်ဖတ်သံမစဲ။

❏ မာရဝိဇယ တန်ဆောင်တိုင်၊
ရောင်စုံလှိုင် ထိန်ထိန်ညီးပါတဲ့
ဆီမီးကမြိုင်၊
ရက်ကန်းရက် အပြိုင်အဆိုင်
ပိုင်နိုင်တဲ့ လက်အစွမ်း။
ကထိန်လျှာ ပေါင်းစုကြိုးတယ်
မသိုးသင်္ကန်း။

❏ မီးပုံးပျံ လွှတ်တင်ပွဲ
အားခဲလို့ ဆင်နွှဲကာ
အံ့ဩဖွယ်ပါ၊
အားပေးကြ သူသူငါ
ဝိုင်းအုံလာ ခြိမ့်ခြိမ့်သဲ။
ပျော်ပွဲရယ်စုံ
ရှင်ပွဲ အဖုံဖုံနဲ့
ကဇာတ်ရုံ အလွန်စည်ကား
ပျားပန်းခပ်ပဲ။

❏ တန်ဆောင်တိုင် လပြည့်ည
မာရဝိဇယ ရုပ်ပွားတော်၊
သာသနာ ရောင်ဝါမြူးလို့
ထူးခြားဂုဏ်ကျော်၊
ဦးခိုက်လို့ ပူဇော်
ဖူးမြော်လို့ ဆုမွန်တောင်း။
ကမ္ဘာတစ်လွှားမှာလ
ကမ္ဘာသူ ကမ္ဘာသားတွေက
ဘုရားရှင် ဟောမြွက်ထားပါတဲ့
ဗြဟ္မစိုရ် မြတ်တရားကို
ပွားကြစေကြောင်း။ ။

မောင်ငြိမ်းချမ်း

# နိုင်ငံတော်မှ ငါးဖမ်းစက်လှေများကို စက်သုံးဆီဖြည့်ဆည်းပေးမှုကြောင့် ငါးဖမ်းစက်လှေများ ယခင်နှစ်ကထက် ငါးဖမ်းဆီးရမိမှု ပိုမိုအဆင်ပြေလာ



ရန်ကုန် နိုဝင်ဘာ ၁၃

ယခုနှစ် ပင်လယ်ပြင် ငါးဖမ်းရာသီတွင် နိုင်ငံတော်မှ ငါးဖမ်းစက်လှေများကို စက်သုံးဆီဖြည့်ဆည်းပေးမှုကြောင့် ငါးဖမ်းစက်လှေများ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ပြီး ယခင်နှစ်ကထက် ငါးဖမ်းဆီးရမိမှု ပိုမိုအဆင်ပြေလာကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

နိုင်ငံတော်မှ ငါးသယံဇာတများပေါများစေရေးနှင့် ငါးမျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်ခြင်း မရှိစေရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာများကို နှစ်အလိုက် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း ဧပြီလမှ ဇွန်လအထိ ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် ဧပြီ၊ မေနဲ့ ဇွန်လတို့ကို ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ခဲ့တယ်။ ဇူလိုင်လ ၁ ရက်ကစပြီး ငါးပြန်လည်ဖမ်းဆီးနိုင်တာ အခုအချိန်ထိဆိုရင် လေးလကျော်ရှိပြီ။ အဲဒီကာလ လေးလမှာ ငါးအထိအမိကောင်းပြီး အလုပ်အဆင်ပြေပါတယ်။ နိုင်ငံတော်ကလည်း ဒီနှစ်မှာ ငါးဖမ်းစက်လှေတွေကို စက်သုံးဆီဖြည့်ဆည်းပေးတဲ့အတွက် လုပ်ငန်းပုံမှန်လည်ပတ်နိုင်ပြီး ငါးဖမ်းစက်လှေတွေ အရင်နှစ်တွေကထက် ငါးဖမ်းဆီးရမိမှု ပိုမိုအဆင်ပြေလာပါတယ်" ဟု မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းလက်အောက်တွင် ရန်ကုန်တိုင်းဒေသကြီးအခြေပြု ငါး၊ ပုစွန်ဖမ်းဆီးသော ပင်လယ်ငါးဖမ်းစက်လှေပေါင်း ၈၀၀ ကျော်ရှိပြီး ဖမ်းဆီးရမိသော ငါး၊ ပုစွန်များကို ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်နှင့် ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေရရှိစေရန် စနစ်တကျစီမံခန့်ခွဲလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အခြေပြု ပင်လယ်ငါးဖမ်းစက်လှေများသည် ရခိုင်ငါးဖမ်းကွက်၊ ဧရာဝတီငါးဖမ်းကွက်နှင့် မွန်ငါးဖမ်းကွက် သုံးကွက်တွင် ငါးဖမ်းဆီးခွင့်ရရှိပြီး ထိုငါးဖမ်းကွက်များမှ ဖမ်းဆီးရရှိလာသော ငါး၊ ပုစွန်များကို ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လည်သယ်ဆောင်လာပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ် ၆၇၀၀၀ တင်ပို့ရောင်းချခဲ့



ကျောင်းကုန်း နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ် ၆၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းလှဲ၏ပြောပြချက်အရ သိရသည်။

"လက်ရှိမှာ ပဲစင်းငုံက အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိမှာ ပဲစင်းငုံတွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်ကြီးတွေဆီမှာပဲရှိတယ်။ ကျောင်းကုန်းမြို့နယ် ဒေသထွက်သီးနှံတွေကို ဒေသပွဲရုံတွေကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေ တစ်ဆင့် တခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချပါတယ်။ အောက်တိုဘာလထဲမှာ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ် ၆၇၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ် '' ဟု ဒေါ်ဝင်းဝင်းလှဲကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ် ၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ် ၆၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါပဲစင်းငုံများ ဝယ်လိုအားကောင်းလာခြင်းမှာ ပြည်တွင်းပဲလုပ်ငန်းများ လည်ပတ်အား ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ရပ်စောက်မြို့နယ် လှည်းတိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေး

ရပ်စောက် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွယ်ကိုးကျေးရွာအုပ်စု လှည်းတိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၁၃ ရက်တွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က လှည်းတိုးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၆၉၀ ကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းတိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၆၉၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**

# သာကေတမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၂ ရက်က အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ခင်ကောင်းစံနှင့် မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း အားကစားသမားဟောင်း ဆရာမ ဒေါ်အေးအေးမော်တို့က လူငယ်နှင့်အားကစားခေါင်းစဉ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်၊ မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်ဝေက တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ပေး ခေါင်းစဉ်တို့ဖြင့် အသီးသီးဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး သာကေတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အားကစားပစ္စည်းများပေးအပ်လှူဒါန်းရာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမဒေါ်ခင်ပြုံးက လက်ခံရယူခဲ့သည်။ ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သရုပ်ပြအဖွဲ့က Fitness Dance အားကစားနည်းဖြင့် သရုပ်ပြဖျော်ဖြေခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂)ဦးညွှန့်ဝေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်းတို့က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနား မြင်ကွင်းပုံရိပ်များ




















# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနား မြင်ကွင်းပုံရိပ်များ













# ရာဂိလောက်တော့ ပျင်းတောင်ပျင်းသေးတယ်

မောင်အောင်

“ကိုအောင်ရေ မနက်စောစော ငါ့ကိုဖုန်းဆက်ပြီး ခေါ်တာ ဘာအကြောင်းထူးလို့လဲ။ မင်းနဲ့ ဖုန်းက တိုက်ရိုက်မရတော့ ပြန်မေးမနေတော့ဘဲ အရေးကြီးတယ်ထင်လို့ ငါလာခဲ့တာ။ ကဲ ပြောစမ်းပါဦး။ ဘာများအရေးကြီးလို့လဲ။”

မနက် ၆ နာရီခွဲလောက် ကျွန်တော်ဖုန်းဆက်လိုက်သဖြင့် ၇ နာရီကျော်ကျော်တွင် ကျွန်တော့်အိမ်သို့ အစ်ကိုကြီးရောက်လာခြင်းဖြစ်သည်။ မောကြီးပန်းကြီးအသံဖြင့် အစ်ကိုကြီးပြောလာခဲ့သဖြင့် အားတော့နာပါသည်။ သို့သော်လည်း ကျွန်တော့်စိတ်က အလုပ်တစ်ခုကို အချိန်မဆွဲဘဲ ချက်ချင်းလုပ်လို၍ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

“အရေးကြီးတယ်လေ အစ်ကိုကြီးရဲ့။ မနေ့တုန်းက ရေကြီးနစ်မြုပ်တဲ့မြေတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနက ဝန်ထမ်းတွေ မြေဆီလွှာတွေ စမ်းသပ်စစ်ဆေးတာ မြို့နယ်အလိုက်၊ မြေအလိုက်၊ မြေဆီလွှာပြောင်းလဲသွားတာ။ ပါဝင်တဲ့ ဓာတ်သတ္တု ပါဝင်မှုအနေအထား၊ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက စစ်ဆေးနေတာ။ အဲပြီးတော့ ရာဂိမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်တာကိုအန်တုပြီး ကျွန်တော်တို့တောင်သူတွေ ချက်ချင်းမြေပြင်လို့ရတဲ့နေရာ မြေပြင်။ စိုက်လို့ရတဲ့နေရာ ပြန်ပြီးစိုက်တာ။ အဲဒီ စိုက်ပျိုးနေတဲ့တောင်သူတွေကို ကျွန်တော်တို့ စိုက်ပျိုးရေးဝန်ထမ်းတွေက လိုအပ်တာတွေ ဝိုင်းပြီးကူညီပေးနေတာ။ မျိုးစေ့၊ မြေသြဇာနဲ့လုပ်သင့်တဲ့ အကြံဉာဏ်တွေ ပေးနေတာ။”

“ကနေ့ အစ်ကိုကြီးကို ထပ်ပြီးပြောချင်တာက ရေကြီးနစ်မြုပ်တဲ့မြေတွေမှာရှိနေတဲ့ အန္တရာယ်ရှိတဲ့ ဓာတ်ကြွင်းတွေကို ဘယ်လိုလျော့နည်းအောင်လုပ်မယ်ဆိုတဲ့ကိစ္စ။ ပြီးတော့ ရေကြီးနစ်မြုပ်တဲ့မြေတွေမှာ အာဟာရဓာတ်တွေ ပြန်လည်ဖြည့်ဆည်းဖို့ဆောင်ရွက်ရမယ့်နည်းလမ်းနဲ့ အခုဆောင်းအမီ ပြန်ပြီးစိုက်ကြမယ့် မတ်ပဲ၊ ပဲပုပ်၊ ပဲတီစိမ်း၊ နေကြာနဲ့မြေပဲ။ ဒီသီးနှံတွေဖြစ်ထွန်းအောင်မြင်အောင်၊ အထွက်တိုးအောင်လုပ်သင့်တဲ့နည်းလမ်းတွေ။ ဒါတွေကို ဘယ်လိုလုပ်သင့်တယ်။ လုပ်ရမယ်ဆိုတာ အစ်ကိုကြီးကတစ်ဆင့် ပြောပြချင်လို့ အစ်ကိုကြီးကိုဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တာ။”

“အေး ကောင်းပါပြီကွာ။ ငါ့ညီကတော့ အချိန်ပြည့် အလုပ်ထဲစိတ်ဝင်စားနေပြီး တောင်သူတွေ အကျိုးစီးပွားအတွက် အမြဲတွေးပြီး အလုပ်လုပ်နေလို့ မင်းကို ညီအစ်ကိုချင်းတောင် မချီးကျူးဘဲမနေနိုင်တော့ဘူး။”

အစ်ကိုကြီး မြှောက်ပြောနေမှန်းသိသော်လည်း ကျွန်တော်ကျေနပ်မိပါသည်။ ကျွန်တော်တို့ ဝန်ထမ်းတွေ အပင်ပန်းခံ၍ အလုပ်လုပ်နေသည်ကို အသိအမှတ်ပြု၍လည်း ကျေနပ်မိသည်။

“ကဲ အစ်ကိုကြီးရေ ကိုယ့်ငါးချဉ်ကိုယ်သိပ်ပြီး ချဉ်မနေနဲ့ဦး။ ကျွန်တော် ဟိုတစ်နေ့ကပြောသလို ရေကြီးနစ်မြုပ်တဲ့နေရာတွေမှာတွေ့ရတဲ့ အန္တရာယ်ရှိတဲ့ ဓာတ်ကြွင်းတွေကတော့ ခဲ၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ နီကယ်၊ အာဆင်းနစ်နဲ့ မာကျူရီတို့ဖြစ်ပါတယ်။ ဒီဓာတ်ကြွင်းတွေက သတ်မှတ်တဲ့ပမာဏထက်ပိုပြီးပါရင် စိုက်ပျိုးတဲ့အပင်တွေအတွက် အန္တရာယ်ရှိသလို အလုပ်လုပ်တဲ့ကျွန်တော်တို့ တောင်သူတွေအတွက်လည်း အန္တရာယ်ရှိပါတယ်။”

“အထူးသဖြင့် အာဆင်းနစ်။ အာဆင်းနစ်က မြေကြီးထဲမှာ မြေပမာဏ အဆတစ်သန်းမှာ ၂၀ ဆထက်ပိုပြီးမပါဝင်သင့်ဘူး။ ကျွန်တော်တို့အခေါ်တော့ (20 ppm= 20 part per million) ထက် ပိုပြီးမပါသင့်တာပေါ့။ ပိုပြီးပါရင် အန္တရာယ်ရှိပါတယ်။ အာဆင်းနစ်ပါဝင်မှုလျော့ကျစေဖို့အတွက်အလွယ်ကူဆုံးနည်းလမ်းကတော့ ရေနဲ့ဆေးဖို့ပဲ။ ဆေးချလိုက်တဲ့ရေထဲမှာ ပါဝင်တဲ့ အာဆင်းနစ်ကိုလည်း လျော့နည်းသွားအောင်လုပ်ပြီးမှ စွန့်ပစ်ဖို့လိုပါတယ်။ အဲဒီလိုသွင်းရေနဲ့ ဆေးဖို့ အခက်အခဲရှိရင် အဲဒီ အာဆင်းနစ်အဆိပ်အတောက်ဖြစ်နေတဲ့ သဲနုန်းတွေကို စိုက်ပျိုးတဲ့သီးနှံအမြစ်ဆင်းတဲ့အနက်အထိ ဖယ်ရှားပစ်ရင်လည်းရတယ်။ အဲဒါမှမဟုတ် အာဆင်းနစ်အဆိပ်အတောက်မဖြစ်တဲ့ မူလမြေသားနဲ့ရောပေးခြင်းဖြင့် အာဆင်းနစ်ပါဝင်မှုကို လျော့ကျစေပါတယ်။ အဲ အလွယ်ကူဆုံးကတော့ သဘာဝမြေဆွေး၊ ကောင်းကောင်းဆွေးမြည့်နေတဲ့ နွားချေး၊ ကြက်ချေး၊ ဝက်ချေး စတဲ့ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းတွေ၊ သစ်စိမ်းမြေသြဇာ၊ သစ်ရွက်ဆွေးတွေ၊ အပင်အကြွင်းအကျန်တွေနဲ့ စက်ဖွဲပြာတွေကို တစ်ဧကကိုနှစ်တန်နှုန်း ထည့်ပေးခြင်းဖြင့် အာဆင်းနစ်ပါဝင်မှုကို လျှော့ချပေးနိုင်ပါတယ်။ အာဆင်းနစ်အဆိပ်အတောက်ဖြစ်နေတဲ့မြေကနေ ကျန်တဲ့လယ်ကွက်တွေကို မပျံ့သွားစေဖို့ ကန်သင်းလုံအောင် ကန့်ထားပေးရပါတယ်။



ဆင်တဲကြီးကျေးရွာရှိ တောင်သူ ဦးဇော်မင်းဦး၏ မြေပဲဆင်းပဒေသာ(၁၁) စိုက်ရက်(၁၁-၁၀-၂၀၂၄)

“နောက်ပြီးတော့ အဲဒီမြေမှာ သီးနှံပြန်ပြီးစိုက်မယ်ဆိုရင် မြေဆီလွှာထဲမှာရှိတဲ့ အာဆင်းနစ်ကို စုပ်ယူမှုအားနည်းတဲ့ ဂျုံတို့၊ ပြောင်းတို့၊ ခရမ်းချဉ်၊ ငရုတ်၊ ဖရုံ၊ သခွားမွှေး၊ သခွား စတဲ့သီးနှံတွေ စိုက်ပျိုးသင့်သလို ပဲစိုက်မယ်ဆိုရင်လည်း ပဲပုပ်သီးနှံကို ရွေးချယ် စိုက်ပျိုးသင့်ပါတယ်။ မုန်ညင်း၊ မုန်လာ၊ ဆလတ်၊ ကန်စွန်းရွက် စတဲ့ ရွက်စား ဟင်းသီးဟင်းရွက်တွေနဲ့ မုန်လာဥနီ၊ မုန်လာဥဖြူ၊ အာလူး စတဲ့ဥစားသီးနှံတွေကတော့ အာဆင်းနစ်စုပ်ယူမှုများတဲ့အတွက် မစိုက်ပျိုးသင့်ပါဘူး။”

“အေးကွာ မင်းပြောတဲ့ ဒီအချက်အလက်တွေက တို့တောင်သူတွေအတွက်ရော၊ စားသုံးသူပြည်သူတွေအတွက်ပါ အတော်လေးတန်ဖိုးရှိတယ်ကွာ။ ဒါတွေကို မသိဘဲ စိုက်ပျိုးမိရင် တို့တောင်သူတွေစိုက်တဲ့ ဟင်းသီးဟင်းရွက်တွေကို တို့ပြည်သူတွေကတော့ ဝယ်ပြီး စားကြမှာပဲလေ။ အဲဒီလိုဝယ်ပြီးစားမိရင် **“အစာလည်းဆေး ဆေးလည်းအစာ”** မဖြစ်ဘဲ အစာအဆိပ်သင့်ဖြစ်မှာသေချာတယ်။ အေး မင်းပြောတဲ့ အချက်တွေ တို့တောင်သူတွေသိဖို့ တကယ်လိုအပ်တယ်။”

အစ်ကိုကြီးက သူ့အမြင်ကို ကြားဖြတ်ဝင်၍ ကောက်ချက်ချလိုက်သည်။

“ဟုတ်တယ်လေ အစ်ကိုကြီးရဲ့၊ ကျွန်တော်တို့ တောင်သူတွေက မြန်မြန်ပြန်ပြီးစိုက်၊ မြန်မြန်ပြန်ပြီး ငွေပေါ်၊ မြန်မြန်ပြန်ပြီး ပိုက်ဆံရချင်မှာပဲလေ။ အဲဒါပေမဲ့ ငွေမြန်မြန်ပြန်ပြီးပေါ်ဖို့၊ ပိုက်ဆံရဖို့ထက် ဘေးအန္တရာယ်ကင်းရှင်းဖို့က အရေးကြီးတယ်။ ဒါ့ကြောင့် အစ်ကိုကြီးကို ကျွန်တော်ဖုန်းဆက်ပြီး ခေါ်မိတာ နားလည်ပေးပါ။”



ဆင်တဲကြီးကျေးရွာရှိ တောင်သူ ဦးသောကြာ၏ မတ်ပဲ ရေဆင်း(၇) စိုက်ရက်(၁၃-၁၀-၂၀၂၄)

စိတ်ပါလှ၍ ကျွန်တော် ကျေနပ်အားရမိသည်။

“အဲဒီတော့ အစ်ကိုကြီးရေ၊ ကျွန်တော် ဟိုတစ်နေ့ ပြောခဲ့သလို မြေဆီလွှာမှာသီးနှံတွေအတွက် အဓိကလိုအပ်တာက နိုက်ထရိုဂျင်(N)၊ ဖော့စဖရပ်(P) နဲ့ပိုတက်စီယမ်(K) ဓာတ်တွေပဲ။ အဲဒီတော့ ကျွန်တော်တို့မြေတွေကို ဓာတ်ခွဲတာက အဲဒီလိုအပ်တဲ့ဓာတ်ကို လိုအပ်ချက်အတိုင်း တွက်ပြီးထည့်ပေးဖို့ပဲ။ တပ်ကုန်းမြို့နယ်မှာ မတ်ပဲစိုက်မယ်ဆိုရင် စိုက်ချိန်နဲ့စိုက်ပြီး တစ်လမှာ အောင်မြေရိပ်သာ(၁)၊ ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၂)၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတောာ၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်နဲ့ဆင်သေရွာတွေမှာ တစ်ဧကကို ယူရီးယား ၃၀ ကီလိုဂရမ် ထည့်ပေးဖို့လိုအပ်ပြီး အောင်မြေရိပ်သာ(၂)၊ အနော်ရထာ၊ လက်ပံပု၊ ကင်းသာ(၁)၊ မကျီးကုန်း၊ ညောင်ပင်သာနဲ့ပိတောက်ချောင်တွေမှာ တစ်ဧကကို ယူရီးယား ၃၅ ကီလိုဂရမ်ထည့်ရပါမယ်။ ပိုတက်ရှ်ကတော့ အောင်မြေရိပ်သာ(၁)၊ ကင်းသာ(၁)၊ မကျီးကုန်း၊ ညောင်ပင်သာနဲ့ပိတောက်ချောင်မှာ (၂၂) ကီလိုဂရမ်နှုန်း၊ အောင်မြေရိပ်သာ(၂)၊ ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၁)၊ ရှောက်ကုန်း(၂)၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်နဲ့ဆင်သေမှာ မြေတစ်ဧကကို ပိုတက်ရှ် ၁၅ ကီလိုဂရမ်နှုန်းထည့်ရမှာဖြစ်ပါတယ်။ အနော်ရထာနဲ့လက်ပံပုမှာက ထူးထူးခြားခြား ပိုတက်ရှ် ၃၀ ဂရမ်ထည့်ပေးရပါမယ်။ တီစူပါကတော့ စိုက်ချိန်မှာထည့်ရမှာဖြစ်ပြီး အောင်မြေရိပ်သာ(၁)၊ ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၁)၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်တွေမှာ တစ်ဧကကို ၆၀ ကီလိုဂရမ်ထည့်ရပါမယ်။ အောင်မြေရိပ်သာ(၂)၊ အနော်ရထာ၊ လက်ပံပု၊ ကင်းသာ(၁)၊ မကျီးကုန်း၊ သနပ်ပင်ဆိပ်နဲ့ဆင်သေမှာ တစ်ဧကကို ၄၄ ကီလိုဂရမ် ထည့်ရမှာဖြစ်ပြီး ရှောက်ကုန်း(၂)မှာတော့ တစ်ဧက ၄၁ ကီလိုဂရမ်ပဲ ထည့်ရပါမယ်။”

“တို့ တပ်ကုန်းမှာက မတ်ပဲပဲ စိုက်လို့ရသလား။ ကျန် ဘာပဲတွေလည်း စိုက်လို့ရသေးလဲ။”

အစ်ကိုကြီးက သူသိချင်တာကို ဖြတ်ပြီးမေးလိုက်သည်။

ကျွန်တော်က တစ်ဆက်တည်း တောင်းပန်လိုက်သည်။

“မင်းရဲ့စေတနာကို နားလည်ပေးပါတယ်ကွာ။ ဒါက တို့ပြည်သူအများအတွက်ပဲလေ။ ကဲ ရေကြီးနစ်မြုပ်တဲ့မြေတွေမှာ အဆိပ်အတောက်ဖယ်ရှားတာတော့ဟုတ်ပါပြီ။ အဲ ဒါပေမဲ့ လျော့ပါးသွားတဲ့ အာဟာရဓာတ်တွေပြည့်ဝအောင် ဘယ်လိုထပ်ပြီး ဖြည့်ဆည်းပေးရမယ်ဆိုတာလည်း ပြောစမ်းပါဦးကွာ။”

ပြည်သူအများအတွက်ဆိုလျှင် အစ်ကိုကြီးကား

စာမျက်နှာ ၁၄ သို့ ◆

◆ **စာမျက်နှာ ၁၃ မှအဆက်**

"ပဲအမျိုးမျိုးကတော့ အနည်းနဲ့အများ ဘယ်မြေမှာမဆို စိုက်လို့ရတာပေါ့အစ်ကိုကြီးရ။ အဲ ဒါပေမဲ့ ရေ၊ မြေနဲ့ ရာသီဥတုအခြေအနေအရ ဖြစ်ထွန်းမှုနဲ့ အထွက်နှုန်းပဲ ကွာတာပဲလေ။ ကျွန်တော်တို့ နေပြည်တော်ကောင်စီနယ်မြေမှာ မတ်ပဲသာမကဘူး ပဲပုပ်၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာ၊ သီးနှံအားလုံး စိုက်လို့ဖြစ်ထွန်းပါတယ်။ အထွက်နှုန်းကောင်းဖို့ကတော့ စောစောက ကျွန်တော်ပြောသလို ရေ၊ မြေ၊ ရာသီဥတု၊ သွင်းအားစုထည့်ပေးမှုနဲ့ ကျွန်တော်တို့ တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံအပေါ်မှာ အလေးထားမှု အဓိကပါပဲ။ **စိုက်ပျိုးရေးရော၊ မွေးမြူရေးမှာပါ ဖြစ်ထွန်းအောင်မြင်ဖို့ဟာ လူသာပဓာန၊ ကျွန်တော်တို့ တောင်သူသာ အဓိကပါ။** ကျန်တဲ့ပဲတွေ စိုက်ပျိုးရာမှာ ဘယ်မြေမှာ မြေသြဇာဘယ်လောက်ထည့်သင့်လဲဆိုတာ ကျွန်တော်ထပ်ပြီး ပြောပြပါ့မယ်။"

"အထူးသဖြင့် ပဲပုပ်စိုက်မယ်ဆိုရင် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ(၁)၊ ကင်းသာ၊ ရှောက်ကုန်း(၂)၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်နဲ့ ဆင်သေရွာတွေမှာ စိုက်ချိန်နဲ့ စိုက်ပြီးတစ်လမှာ တစ်ဧကကို ယူရီးယားမြေသြဇာ ၁၈ ကီလိုဂရမ်နဲ့ အောင်မြေရိပ်သာ(၂)၊ အနော်ရထာ၊ လက်ပံပု၊ ကင်းသာ(၁)၊ မကျီးကုန်း၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်တွေမှာ ယူရီးယားမြေသြဇာတစ်ဧကကို ၂၀ ကီလိုဂရမ် ထည့်ပေးရမှာဖြစ်ပါတယ်။"

"ပိုတက်ရှ်ကိုတော့ အောင်မြေရိပ်သာ(၂)၊ ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၁၊ ၂)၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်နဲ့ ဆင်သေရွာတွေမှာ တစ်ဧကကို ၁၀ ကီလိုဂရမ်နှုန်း၊ အောင်မြေရိပ်သာ(၁)၊ ကင်းသာ(၁)၊ မကျီးကုန်း၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်ကျေးရွာတွေမှာ ၂၇ ကီလိုဂရမ်နှုန်းနဲ့ အနော်ရထာနဲ့ လက်ပံပုရွာမှာတော့ တစ်ဧကကို ၃၆ ကီလိုဂရမ်နှုန်း ထည့်ဖို့လိုပါတယ်။"

"တီစူပါကိုလည်း စိုက်ပျိုးတဲ့အချိန်မှာ အောင်မြေရိပ်သာ(၁၊ ၂)၊ အနော်ရထာ၊ လက်ပံပု၊ ကင်းသာ(၁)၊ မကျီးကုန်း၊ ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၁)၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်တွေမှာ တစ်ဧကကို ၃၄ ကီလိုဂရမ်နှုန်း၊ သနပ်ပင်ဆိပ်နဲ့ ဆင်သေမှာ ၁၈ ကီလိုဂရမ်နှုန်းနဲ့ ရှောက်ကုန်း(၂)မှာ ငါးကီလိုဂရမ်နှုန်းထည့်ရင် မြေအရည်အသွေးပြည့်ဝပြီး ပဲပုပ်အထွက်ကောင်းမှာဖြစ်ပါတယ်။"

"အဲ အစ်ကိုကြီးရေ၊ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဓာတ်မြေသြဇာထည့်မယ်ဆိုရင် သဘာဝမြေသြဇာဖြစ်တဲ့ မြေဆွေး၊ နွားချေး၊ ကြက်ချေး၊ သစ်ရွက်စိမ်းမြေသြဇာတွေနဲ့ရောပြီး ထည့်ပေးဖို့လိုသလို ပေါင်းမြက်ကင်းရှင်းဖို့လိုတယ်။ ပြီးတော့ အပင်ကနေ လေးလက်မခန့်အကွာမှာ ကြောင်းဆွဲပြီး ထည့်ပေးဖို့လိုပါတယ်။ ပြီးတော့ ရွက်ဖျန်းမြေသြဇာအဖြစ် မိုနိုအမိုနီယမ်ဆာလဖိတ်(Mono-Ammo-ninum Sulphate(MPA))ကို ရေတစ်လီတာမှာ ၁၀ ဂရမ်နှုန်း၊ တစ်ရာခိုင်နှုန်းဖျော်စပ်ပြီး ကိုင်းဖြာချိန်နဲ့ သီးကင်းဝင်ချိန်တွေမှာ ဖျန်းပေးဖို့လိုပါတယ်။ ဆိုလိုတာက သီးနှံတစ်ရာသီမှာ နှစ်ကြိမ်နှုန်းဖျန်းပေးခြင်းဖြင့် ပိုမိုအထွက်နှုန်းကောင်းမှာ ဖြစ်ပါတယ်။"

"အဲပြီးတော့ ပဲတီစိမ်းသီးနှံနဲ့ပတ်သက်ရင်လည်း နေပြည်တော်ကောင်စီနယ်မြေမှာ ပဲတီစိမ်းစိုက်မယ်ဆိုရင်တော့ တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ(၁)၊ ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၁၊၂)၊ ပုဗ္ဗသီရိနဲ့ ဇေယျာသီရိက ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်၊ ဆင်သေတွေမှာ စိုက်ချိန်နဲ့ စိုက်ပြီးတစ်လမှာ ယူရီးယားမြေသြဇာတစ်ဧက ၁၈ ကီလိုဂရမ်ထည့်ဖို့လိုပါတယ်။ အောင်မြေရိပ်သာ(၂)၊ အနော်ရထာ၊ လက်ပံပု၊ ကင်းသာ(၁)၊ မကျီးကုန်း၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်မှာတော့ တစ်ဧကကို ယူရီးယား ၂၀ ကီလိုဂရမ် ထည့်ရပါမယ်။ အဲ့ဒီလိုပဲ စိုက်ချိန်နဲ့စိုက်ပြီးတစ်လမှာ ပိုတက်ရှ်ကို ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်နဲ့ ဆင်သေတွေမှာ တစ်ဧက ၁၀ ကီလိုဂရမ်နှုန်း၊ အောင်မြေရိပ်သာ(၂) ကင်းသာ(၂၊ ၃)၊ ရှောက်ကုန်း(၁၊ ၂)တွေမှာ မြေတစ်ဧကကို ၁၃ ကီလိုဂရမ်နှုန်း၊ အောင်မြေရိပ်သာ



တပ်ကုန်းမြို့နယ် သဲနုန်းဖုံးနေရာတွင် စိုက်ပျိုးထားသော ပဲကြီးသီးနှံစိုက်ခင်း

**✻ အခုလို အစိုးရ၊ ဌာနဆိုင်ရာနဲ့ တောင်သူတွေ စုစုစည်းစည်း စုပေါင်းပြီး ဆောင်ရွက်ကြတော့ တို့ငယ်ငယ်က မြန်မာကဗျာလက်ရွေးစင်မှာ သင်ခဲ့ရတဲ့ "ဆရာဇော်ဂျီရဲ့ ရွှေခေတ်ပုဂံပြည်" ကဗျာထဲကလို "တစ်စိတ်ဝမ်း တစ်လက်ညီ၊ ပြည်ရေးကို ပြိုင်တူချီကြတော့ ပြည်တော်မြတ် ပဲ့တင်သံ ဘဝင်ကညံပါရော"တဲ့ ဆိုသလိုဖြစ်နေပြီပေါ့. . .**

(၁)မှာ ၁၇ ကီလိုဂရမ်နှုန်းနဲ့ အနော်ရထာနဲ့ လက်ပံပုမှာ ၂၀ ကီလိုဂရမ်နှုန်း၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်မှာ ၂၇ ကီလိုဂရမ်နှုန်း ထည့်ပေးရပါမယ်။ အဲ့ဒီလိုပဲ စိုက်ချိန်မှာ တီစူပါကို သနပ်ပင်ဆိပ်နဲ့ ဆင်သေမှာ တစ်ဧကကို ၁၈ ကီလိုဂရမ်နှုန်း၊ ရှောက်ကုန်း(၂) မှာ ၂၇ ကီလိုဂရမ်နှုန်း၊ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်မှာ ၃၄ ကီလိုဂရမ်နှုန်းနဲ့ အောင်မြေရိပ်သာ(၁၊ ၂)၊ အနော်ရထာ၊ လက်ပံပု၊ ကင်းသာ(၁၊ ၂၊ ၃)နဲ့ ရှောက်ကုန်း(၁)မှာတစ်ဧကကို တီစူပါ ၃၆ ကီလိုဂရမ်နှုန်း ထည့်ရပါမယ်။"

"မင်းဟာကလည်းကွာ။ မြေသြဇာထည့်တာပဲ ကင်းသာ(၁၊ ၂၊ ၃)တွေ၊ ရှောက်ကုန်း(၁၊ ၂) တွေနဲ့ ရှုပ်နေတာပဲ။"

အစ်ကိုကြီးက သူမရှင်းတာကို စိတ်ရှုပ်ဟန်ဖြင့် ဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်အစ်ကိုကြီး။ ကျွန်တော်တို့မြေနမူနာယူတာကိုက ရေ၊ မြေဆက်စပ်နေတဲ့ ကွင်းအလိုက် ယူတာပါ။ ဒီတော့ ကွင်းမတူရင် ပါဝင်တဲ့အာဟာရဓာတ်ကွာတယ်။ အဲ့ဒီအတွက်ကြောင့် လိုအပ်ချက်ကွာတာပါ။ အဲ့ဒီအတွက်ကြောင့် လိုအပ်ချက်ကို တွက်ချက်ပြီးထည့်တာကြောင့် အပိုအလိုမရှိ၊ လေလွင့်မှုမရှိတာပေါ့။"

"အေး ဟုတ်ပါပြီ ထားပါတော့။ ကဲ ဒါနဲ့ မြေပဲစိုက်ရင်လိုအပ်ချက်လေးပြောစမ်းပါဦး"

"မြေပဲစိုက်မယ်ဆိုရင်တော့ ပုဗ္ဗသီရိ၊ ဇေယျာသီရိနဲ့ ပျဉ်းမနားမြို့နယ်မှာရှိတဲ့ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်နဲ့ ကျွန်းဦးကျေးရွာတွေမှာ စိုက်ချိန်နဲ့စိုက်ပြီး တစ်လအချိန်မှာ တစ်ဧကကို ယူရီးယား ၂၂ ကီလိုနဲ့ ပိုတက်ရှ်ရှစ်ကီလိုထည့်ဖို့လိုပြီး စိုက်ချိန်မှာ တီစူပါ ၄၀ ကီလိုထည့်ပေးဖို့လိုပါတယ်။ ပျဉ်းမနားနဲ့ လယ်ဝေးမှာရှိတဲ့ ညောင်ပင်သာနဲ့ ပိတောက်ချောင်မှာတော့ မြေပဲစိုက်ချိန်မှာ ယူရီးယား ၂၅ ကီလို၊ တီစူပါ ၄၀ ကီလိုနဲ့ ပိုတက်ရှ် ၁၅ ကီလိုထည့်ပေးရမှာဖြစ်ပြီး စိုက်ပြီးတစ်လမှာလည်း ယူရီးယား ၂၅ ကီလိုနဲ့ ပိုတက်ရှ် ၁၅ ကီလိုထပ်ပြီး ထည့်ပေးဖို့လိုပါတယ်။ ပျဉ်းမနား၊ သနပ်ပင်ဆိပ်နဲ့ဆင်သေမှာ မြေပဲစိုက်မယ်ဆိုရင်စိုက်ချိန်မှာ ယူရီးယား၂၂ ကီလို၊ တီစူပါ ၂၄ ကီလိုနဲ့ ပိုတက်ရှ် ရှစ်ကီလိုထည့်ရမှာဖြစ်ပြီး စိုက်ပြီးတစ်လမှာတော့ ယူရီးယား ၂၂ ကီလိုနဲ့ ပိုတက်ရှ် ရှစ်ကီလိုထပ်ပြီး ထည့်ပေးဖို့လိုအပ်ပါတယ်။"

"နေကြာစိုက်မယ်ဆိုရင်တော့ ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ သနပ်ပင်ဆိပ်နဲ့ဆင်သေတွေမှာ စိုက်ချိန်နဲ့စိုက်ပြီး တစ်လနဲ့ ပန်းပွင့်ချိန်တွေမှာ ယူရီးယား ၅၈ ကီလိုနဲ့ ပိုတက်ရှ် ခြောက်ကီလိုထည့်ပေးရမှာဖြစ်ပြီး ညောင်ပင်သာနဲ့ ပိတောက်ချောင်မှာတော့ စိုက်ချိန်နဲ့စိုက်ပြီးတစ်လနဲ့ပန်းပွင့်ချိန်တွေမှာ ယူရီးယား ၆၅ ကီလိုနဲ့ ပိုတက်ရှ် ၁၃ ကီလိုထည့်ပေးရမှာဖြစ်ပါတယ်။"

"မြေပြင်ချိန်မှာတော့ တီစူပါတစ်မျိုးပဲ ထည့်ဖို့လိုအပ်ပြီး ဘဲကုန်း၊ သစ်တပ်၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်၊ ကျွန်းဦး၊ ညောင်ပင်သာနဲ့ ပိတောက်ချောင်ကွင်းတွေမှာ တစ်ဧကကို ၃၄ ကီလိုဂရမ် ထည့်ဖို့လိုအပ်ပြီး ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ်နဲ့ဆင်သေမှာတော့ တစ်ဧကကို ကီလိုဂရမ် ၂၀ ပဲ ထည့်ရမှာဖြစ်ပါတယ်။"

"အေး ကိုအောင်ရ။ မင်းက နေပြည်တော်မှာရှိတဲ့ရွာတွေကိုပဲဦးစားပေးနေပါလား။ ရေကြီးနစ်မြုပ်တာမှာ ရမည်းသင်းတို့ ပျော်ဘွယ်တို့လည်း ပါတယ်လေကွာ။ အဲဒီရွာတွေမှာ နေကြာစိုက်ရင်ရော မြေသြဇာဘယ်လိုထည့်ရမယ်ဆိုတာ ပြောပါဦးကွာ။"

အစ်ကိုကြီးက ရမည်းသင်းတို့ ပျော်ဘွယ်တို့အတွက် ကျွန်တော်ထည့်မတွက်ဟုထင်၍ မေးခြင်းဖြစ်ပါမည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးအဖွဲ့တွက်ထားပြီးသားပါ အစ်ကိုကြီးရယ်။ ရမည်းသင်းမြို့နယ် ပေါက်ဆိုင်း၊ ပွဲဆည်၊ ဆည်ကြီး၊ သိမ်ကုန်းနဲ့ ကျွဲတပ်ကျေးရွာတွေမှာ သဘာဝမြေသြဇာကို မြေပြင်ချိန်မှာ (၅-၁၀) ကီလိုနှုန်းထည့်ရမှာဖြစ်ပြီး ယူရီးယားမြေသြဇာ ၇၅ ကီလိုကိုတော့ မြေပြင်ချိန်၊ အဖူးဝင်ချိန်နဲ့ ပန်းစပွင့်ချိန်မှာ သုံးကြိမ်ခွဲပြီး ကျွေးရမှာဖြစ်ပါတယ်။ ပျော်ဘွယ်မြို့နယ် ညောင်ရွှေ၊ ဝက်လက်၊ ကျောက်ဆည်နဲ့ရွှေညောင်ဖူးကျေးရွာတွေမှာတော့ မြေပြင်ချိန်မှာ တစ်ဧကကိုတီစူပါ ၂၅ ကီလို၊ ပိုတက်ရှ် ၁၂ ဒသမ ၅ ကီလိုနဲ့ ဂျစ်ဆမ်(၅၀-၁၀၀) ကီလိုဂရမ်ကျွေးရမှာ ဖြစ်ပါတယ်။"

"တကယ်လို့ ကွန်ပေါင်းမြေသြဇာသုံးမယ်ဆိုရင်တော့ မြေပြင်ချိန်မှာ(၁:၂:၁)အချိုးရှိတဲ့ ကွန်ပေါင်းမြေသြဇာ ၅၀ ကီလိုဂရမ်၊ အဖူးဝင်ချိန်မှာ (၁:၁:၁) အချိုးရှိတဲ့ မြေသြဇာ ၅၀ ကီလိုဂရမ်နဲ့ ပန်းပွင့်ချိန်မှာ (၁:၁:၂)အချိုးရှိတဲ့ မြေသြဇာ(၅၀-၁၀၀)ကီလိုဂရမ် ထည့်သွင်းအသုံးပြုသင့်ပါတယ်။ နေကြာအစေ့အဆန် အောင်မြင်ဖို့ ဘိုရွန်လိုအပ်တာဖြစ်တာကြောင့် ဆေးဖျန်းပုံးတစ်ပုံးကို လက်ချားတစ်ဇွန်းနဲ့ ယူရီးယား လေးဇွန်းထည့် ဖျော်ပြီး နေကြာတစ်ဧကကို လေး၊ ငါးပုံးခန့် အဖူးဝင်ချိန်နဲ့ ပန်းစပွင့်ချိန်တွေမှာ လောင်းပေးသင့်ပါတယ်။"

"ကဲ ကိုအောင်ရေ - ဒီမနက်တော့ မင်းဖုန်းဆက်ခေါ်တာ ငါလာရကျိုးနပ်သွားပြီ။ မင်းပြောသလိုသာ တို့တောင်သူတွေ ရေကြီးနစ်မြုပ်တဲ့ စိုက်ခင်းတွေကို ပြုပြင်၊ လိုအပ်တဲ့ မြေသြဇာတွေ ထည့်၊ မျိုးကောင်းမျိုးသန့် ပဲ၊ နှမ်း၊ နေကြာတွေကိုသာ စိုက်လို့ကတော့ အထွက်နှုန်းကောင်းမှာ သေချာတယ်လို့ ငါတော့ ပြောချင်တယ်။"

"ရာဂိမုန်တိုင်းကြောင့် တို့လယ်ယာမြေတွေ ရေနစ်ဆုံးရှုံးတာနဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲနဲ့ ပြည်ထောင်စုဝန်ကြီးတွေကိုယ်တိုင်လယ်ကွင်းတွေ ထဲဆင်းပြီး စစ်ဆေးကြည့်ရှုတယ်။ ဒုတိယဝန်ကြီးတွေ အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းတွေ ကွင်းထဲဆင်းပြီး လိုအပ်တာတွေစစ်ဆေး၊ မြေသြဇာနဲ့ မျိုးစေ့တွေပံ့ပိုးပေးတယ်။ တို့တောင်သူတွေလည်း မြေပြုပြင်တာတွေ၊ စိုက်ရေးပျိုးရေးတွေ အားကျိုးမာန်တက်ပြန်ပြီးလုပ်ကြတယ်။ အခုလို အစိုးရ၊ ဌာနဆိုင်ရာနဲ့ တောင်သူတွေ စုစုစည်းစည်း စုပေါင်းပြီး ဆောင်ရွက်ကြတော့ တို့ငယ်ငယ်က မြန်မာကဗျာလက်ရွေးစင်မှာသင်ခဲ့ရတဲ့ **"ဆရာဇော်ဂျီရဲ့ ရွှေခေတ်ပုဂံပြည်"** ကဗျာထဲကလို **"တစ်စိတ်ဝမ်း တစ်လက်ညီ၊ ပြည်ရေးကို ပြိုင်တူချီကြတော့ ပြည်တော်မြတ် ပဲ့တင်သံ ဘဝင်က ညံပါရော"** တဲ့ ဆိုသလိုဖြစ်နေပြီပေါ့။

"ဒီတော့ ပြီးခဲ့တဲ့ တစ်ပတ်က **"ရာဂိကို အန်တုစံပြုထိုက်တဲ့ တို့ပြည်သူ"** လို့ မင်းက ပြောခဲ့တယ်။ ဒီတစ်ပတ်တော့ ငါကမင်းကို အားကျမခံ **"ရာဂိလောက်တော့ ပျင်းတောင် ပျင်းသေးတယ်"** လို့ ပြောချင်သဗျား။"

အစ်ကိုကြီးက သူ့စကားကိုသူ အဆုံးသတ်၍ တဟားဟားရယ်မောနေပါသည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်၏ ရယ်မောသံက ရာဂိကို ပျက်ရယ်ပြုနေသည်သို့သာ. . .။ ။

★ **ရှေ့ဖုံးမှအဆက်**

ဘုရားဖူးလာရဟာန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာလာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များကိုင်ဆောင်၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များ တီးမှုတ်၍ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ် အလုံး ၅၀၀ ကို လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည်(ညမီးကြိုး) မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများလွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မီးပုံးပျံငယ်များကို လွှတ်တင်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညို၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်

**စာမျက်နှာ ၁၆ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များကိုင်ဆောင်၍ကြိုဆိုကြစဉ်။





တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့် တီးမှုတ်၍ ကြိုဆိုကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်နေမှုကိုတွေ့ရစဉ်။

☆ **စာမျက်နှာ ၁၅ မှအဆက်**

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့်နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများလွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားတွင် မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မီးပုံးပျံငယ်လွှတ်တင်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများ အတူတကွထွန်းညှိပူဇော်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများဖြင့် စည်ကားများပြားနေမှုကိုတွေ့ရစဉ်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများပြည်သူများ အနေဖြင့် လာရောက်ဖူးမြော်ကြည်ညိုကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (၁၀၀)



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် မီးပုံးပျံများလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Maravijaya Monastery holds annual Kathina Robe Offering Ceremony for 2024



Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and the congregation taking the Five Precepts from Sayadaws.

NAY PYI TAW November 13

In the Union Territory of Nay Pyi Taw, Dakkhinathiri Township, at the Maravijaya Buddha Image, the annual Kathina Robe Offering Ceremony for the year 2024 was held this morning at Maravijaya Monastery within the Maravijaya Buddha Park. The event was attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who offered Kathina robes and other items for donation.

The ceremony was graced by the Presiding Nayaka of Paukmyaing Monastery in Lewe Abhidhaja Maha Rattha Guru Bhaddanta Zaneinda, and Sayadaws residing at Maravijaya Monastery. In attendance together with the Senior General and wife were Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the SAC Joint Secretary and wife, council members and their spouses, union ministers and their spouses, the Chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their wives, the Commander of Nay Pyi Taw Command and officials.

The ceremony began with the Senior General offering alms, fruits, and flowers, along with cool drinking water, to the sacred Buddha Image in the monastery.

Following this, the Senior General, along with other attendees, viewed the arrangement of Kathina robes and offerings prepared for donation.

The ceremony officially opened with a threefold recitation of "Namo Tassa" to pay respects. The Senior General and the congregation took the Five Precepts from Presiding Nayaka Agga Maha Pandita Bhaddanta Neminda of Maravijaya Monastery, and listened to the recitation of the Metta Sutta and other sacred teachings by the venerable monks.

Subsequently, the Senior General and his wife offered Kathina robes and offertories to the Paukmyaing Sayadaw and the Presiding Nayaka Agga Maha Pandita Bhaddanta Neminda of Maravijaya Monastery.

Afterward, the Vice-Senior General and wife offered Kathina robes and donations to the Abhidaja Agga Maha Saddhamma Jotika Bhaddanta Pandita Sayadaw of the Eastern Inntha Monastery in Lewe Town.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer Kathina robes and offerings to a Sayadaw.



Senior General Min Aung Hlaing views the arrangement of Kathina robes and offerings prepared for donation.

The SAC Secretary and wife, the SAC Joint Secretary and wife and SAC members and union ministers also offered Kathina robes and alms to the venerable monks individually.

The Senior General and congregation then received a sermon from Presiding Nayaka Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanta Vimalabuddhi of the Mingala Zeyon Pariyatti Sarthintaik at Pali University in Pyinmana.

Afterwards, they shared merits gained from the donations.

The ceremony concluded with the recitation of "Buddha Sasanam Ciram Titthatu" three times, followed by rituals of gold and silver showers led by the Prime Minister and his wife to mark the success of the event. After the ceremony, the Senior General, his wife, and the congregation offered meals to the Sayadaws and members of the Sangha presided over by the Paukmyaing Sayadaw. **100**

►► From Page - 21

balloon and Nya Meegyi hot-air balloon launching competition.

During the preparations for launching the hot-air balloons, cultural troupes of national races entertained the public with traditional dances, group dances and music and songs.

Then, the Senior General and wife and party launched small hot-air balloons to pay obeisance to the Buddha image together with participants at the festival.

Then, the Senior General and wife paid obeisance to the Maravijaya Buddha image and offered flowers, water and lights before walking around the precinct of the Buddha image and offering oil lights together with participants of the event including monks and laypersons on pilgrim.

The Tazaungdaing light festival of the Maravijaya Buddha image is being held from 13 to 15 November in accordance with cultural traditions on a grand scale. Continuous recitations of Maha Pathana pali chants and recitation of Buddhist sermons by Buddhist associations as well as the let-off of fireworks and decorative hot-air balloons launching and the second Matho golden lotus robe offering will be carried out. Moreover, the Buddha Park is decorated with beautiful lights during the festival and there are shops selling local products, foodstuffs and consumer products set up by MSMEs, local traditional snack shops. And as the Fine Arts Department is staging Jataka show together with entertainments by traditional dance performer Po Chit troupe, the public has been allowed to pay obeisance to the Buddha image.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla greet participants and pilgrims.

**100**

# More than 100,000 acres of monsoon paddy planted in Shwebo Township



SHWEBO November 13

Statistics of Shwebo Township Agriculture Department stated that a total of 103,050 acres of monsoon paddy has been planted in Shwebo Township of Sagaing Region this monsoon.

Local farmers planted 103,050 acres of monsoon paddy against the target of 109,495 acres in Shwebo Township in 2024-2025 monsoon season.

U Hsan Oo, Head of Shwebo Township Agriculture Department explained: “Local authorities have earmarked 109,495 acres of monsoon paddy, 103,050 acres of which has been planted by local farmers. Our department provides necessary agricultural techniques and quality strains of crops for local farmers. Moreover, officials make field trips to paddy plantations for farmers to grow crops in time.”

Officials of the township Agriculture Department raise farmer awareness of using agricultural techniques, prevention of pests, minimizing loss and waste of crops and keeping crops into the shelters in time.

This year, service personnel from the Township Agriculture Department participate in weeding of paddy plantations and selection of quality strains of crops, removal of different strains and systematic use of fertilizers.

**SMK**

# Yekyi Township supplies 70,000 viss of peanut oil to Yangon Market

YEKYI November 13

A total of 70,000 viss of peanut oil were sent by local business-persons from Yekyi Township to Yangn market said Daw San San Swe, the owner of foodstuff commodity in Yekyi Township of Ayeyawady Region.

They sold 40,000 viss of peanut oil to Yangon market in August, compared to 70,000 viss in September. Such an oil was produced manually in the region.

Daw San San Swe explained: “Local businesspersons mainly send marine products and agricultural produce to Yangon market. In September, they sent 70,000 viss of peanut oil to Yangon market. Due to high demand from merchants of Yangon market, domestic products are being dispatched. Merchants store peanut oil in summer. At present, demand of peanut oil is high at home.”

**SK**

# Domestic tourism can rise in Tazaungdaing holiday period

TAUNGGYI November 13

U Naung Naung Han, chairman of the Myanmar Tourism Entrepreneurs Association, said that since domestic tourists have been preparing to travel to some areas, including Taunggyi, during the coming holidays, there is a possibility of an increase in tourism during the Tazaungdaing festival.

Local tourism rose again from the dry season, Thadingyut, and it is also expected to increase in Tazaungdaing amidst many preparations. These intended destinations include the Taunggyi Tazaungdaing festival, beaches like Chaungtha and Ngwesaung, and pilgrimages to Bagan and Mandalay.

“Domestic tourism can rise in Tazaungdaing. Some are preparing to visit the Taunggyi hot-air balloon festival. Due to floods in Thadingyut, there was no visitor to Kalaw. Many packages are being sold. People also visit Chaungtha and Ngwesaung beaches, as well as Bagan and Mandalay, for pilgrimages. There will be a lot of tourists during Tazaungdaing, like Thadingyut. The main reason is having long holidays, so they go on a long trip,” he said. Domestic tourism will rise again in the coming New Year period, he added.

“Just like the number of 2023, there is a situation where many tourists can visit. With some limitations in locally accessible areas, there is little difficulty in travelling. Because of floods, areas such as Kalaw and Inle were affected. In the areas that can be visited, they are crowded with many travellers,”he said.

During this Thadingyut, many domestic tourists reportedly visited Nay Pyi Taw, Mandalay, Bago, Kyaiktiyo, Bagan-NyaungU, Hpa-an, and beaches such as Chaungtha and Ngwesaung.

**SK**



# Houthi forces target USS Abraham Lincoln with drones and missiles

DOHA November 13

Yemen's Ansar Allah movement, also known as the Houthis, have attacked the USS Abraham Lincoln aircraft carrier in the Arabian Sea and two destroyers in the Red Sea with drones and ballistic missiles, Houthi military spokesman Yahya Saria said on Tuesday.

"The missile, UAV forces of the Yemeni Armed Forces carried out two specific military operations. The first operation targeted the American aircraft carrier (Abraham) located in the Arabian Sea with a number of cruise missiles and drones while the American enemy was preparing to carry out hostile operations targeting our country. The operation has successfully achieved its objectives, and led to thwarting the operation that the American enemy was preparing against our country," Saria said o Telegram. **Sputnik**

# Moscow pledges response to U.S. missile defence base in Poland

MOSCOW November 13

Russia will take necessary measures to maintain parity in response to the deployment of a U.S. air defence base in Poland, local media reported Wednesday, citing Kremlin spokesman Dmitry Peskov.

The Polish Foreign Ministry announced Wednesday that a new U.S. missile defence base would be opened in Redzikowo, northern Poland, on November 13.

The base, known as "Aegis Ashore," is part of the North Atlantic Treaty Organization (NATO)'s broader missile shield. The shield can detect and intercept short- to intermediate-range ballistic missiles and will be under NATO command and U.S. European Command.

"Of course, the deployment will lead to the adoption of appropriate measures to ensure parity," Peskov said, adding that the new base is a clear example of the advancement of American military infrastructure towards Russia's borders and "an attempt to curb Russia's military potential."

Peskov noted that Russian President Vladimir Putin expressed serious concern over U.S. plans to implement a missile defence system in Europe during George W. Bush's presidency. Back then, the Russian leader said these plans aimed to contain Russia, not a threat from Iran.

The spokesman said the base in Poland confirms the validity of those concerns. **Xinhua**

# US strikes weapon, logistics objects of Iran-backed group in Syria - CENTCOM

MOSCOW November 13

US forces on Wednesday struck a weapon storage and a logistics headquarters of an Iran-aligned militia group in Syria, the US Central Command said.

"Today, U.S. Central Command (CENTCOM) forces conducted strikes against an Iranian-backed militia group's weapons storage and logistics headquarters facility. These strikes were in response to a rocket attack on U.S. personnel at Patrol Base Shaddadi," the command said in a statement.

The strikes are expected to "degrade the Iranian-backed groups' ability to plan and launch future attacks" on forces of the US and its allies in the region.

The statement noted that the strikes were in response to a missile attack on a US base located in Shaddadi in Al-Hasakah province in northern Syria.

**Sputnik**



# Hezbollah claims attacked Israeli defence ministry's headquarters for first time

BEIRUT November 13

Hezbollah said on Wednesday afternoon that it targeted for the first time the headquarters of the Israeli defence ministry since its current conflict with Israel.

It said in a statement that it launched an air attack with a squadron of suicide drones on the Kirya base, the headquarters of the Israeli defence ministry, in the city of Tel Aviv.

It said that the attack was carried out to support the Palestinian people in Gaza, and to defend Lebanon and its people.

The Israeli army has yet to comment on the attack.

Since September 23, the Israeli army has intensified its air attack on Lebanon in an escalation of conflict with Hezbollah. Israel further initiated a ground operation across its northern border into Lebanon in early October.

According to the Lebanese health ministry, the death toll in Lebanon from Israeli airstrikes since the beginning of the conflict in October last year has reached 3,287, with injuries hitting 14,222. **Xinhua**

# Indian capital air pollution turns severe

NEW DELHI November 13

Air pollution in the Indian capital territory Delhi turned severe Wednesday for the first time this season with the Air Quality Index (AQI) soaring to 439.

According to the Central Pollution Control Board (CPCB), the overall AQI of Delhi was recorded at 439 on Wednesday at 6:00 p.m. local time. The increase in pollution levels has been attributed to the drop in temperature and wind speeds.

"The air quality is likely to be in the severe category on Thursday and thereafter in very poor category from Friday to Saturday," a statement issued by the Air Quality Early Warning System for Delhi said.

The prominent pollutants are PM 2.5 and PM 10.

Experts say PM 2.5 are fine particles that are 2.5 microns or less in diameter and can travel deep into the respiratory tract, reaching the lungs and entering the bloodstream.



Delhi is among the topmost polluted cities in the world.

Industrial activities and vehicular traffic are significant contributors to air pollution in the city, along with rampant construction. For the past many years, every year ahead of winter the air quality in Delhi has become hazardous.

The situation worsens due to the rise in emissions from stubble burning in the neighboring states of Punjab and Haryana, which increases the concentration of prominent pollutants much beyond the safety limits.

**Xinhua**

# Tazaungdaing Light Festival, hot-air balloon launching opening ceremony of Maravijaya Buddha image held



The Tazaungdaing Light Festival and hot-air balloon launching opening ceremony of Maravijaya Buddha image in progress.

NAY PYI TAW November 13

Tazaungdaing Light Festival and hot-air balloon launching opening ceremony of Maravijaya Buddha image in Dekkhinathiri Township in the Union Territory in Nay Pyi Taw was held on a grand scale at the fountain square in the Maravijaya Buddha Park this evening.

Present at the ceremony were Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the secretary and joint secretary of the SAC and their wives, members of the SAC and their wives, union ministers and their wives, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command and officials and pilgrims including monks and laypersons observed the ceremony in a bustling manner.

First, the Senior General and wife arrived at the venue of the ceremony and were welcomed by men and women of ethnic nationals by holding light seedpods, by traditional dance troupes by performing the U Shwe Yoe and Daw Moe dance, traditional cultural dances, and traditional drums music.

Then, the Senior General and wife formally opened the ceremony by cutting a ribbon.

As soon as the opening ribbon was formally cut, 500 small hot-air balloons were launched while letting off fireworks and performing dances to the song "Bustling Month Tazaungdaing." The Senior General and wife and participants enjoyed the music and dances.

Afterward, the Senior General and wife and participants observed the Sein Narpan hot-air

See Page - 19►►



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla launch a small hot-air balloon.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy dances at the Tazaungdaing Light Festival and hot-air balloon launching opening ceremony of Maravijaya Buddha image.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်၍ ရန်ကုန်မြို့အတွင်း ကြည့်ရှုလေ့လာ



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရား ပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဖူးမြော်ကြည်ညို၍လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ကလှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ရန်ကုန် နိုဝင်ဘာ ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရား ပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်၍ ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှု လေ့လာသည်။

နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲသည် ရွှေတိဂုံစေတီတော်မြတ်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း နှင့်ဝန်ကြီးများ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြ သည်။

ထို့နောက် ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်း၊ ရေချမ်း နှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်များအား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ် ပုံတော်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က မသိုးသကၤန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

အဖွဲ့သည် (၃၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ဈေးသို့ရောက်ရှိ ပြီး ဈေးအတွင်းခင်းကျင်းပြသရောင်းချလျက် ရှိသည့်လက်ဝတ်ရတနာများ၊ ကျောက်စိမ်း ပန်းပုနှင့် လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ် အထည်များ၊ ရွှေခြည်ငွေခြည်ထိုးလက်ရာ ပစ္စည်းများ၊ ယွန်းထည်ပစ္စည်းများ၊ မြန်မာ့ ရိုးရာလက်မှုပစ္စည်းများ၊ ပန်းချီ ပန်းပုပစ္စည်း များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြို့တော်ခန်းမ၊ ဝန်ကြီး များရုံး၊ ကန်တော်ကြီးနှင့် ကရဝိက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်သို့ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူ ဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော် ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ Seminar Hall နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရား ပြည်နယ်အကြီးအကဲနှင့်အဖွဲ့ သည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ လေကြောင်း ခရီးဖြင့်ရောက်ရှိကြရာ ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ပုသိမ် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ပုသိမ်မြို့မှ ချောင်းသာကမ်းခြေသို့ရောက်ရှိ ပြီး ချောင်းသာကမ်းခြေ၌ ရုရှားဖက်ဒရေးရှင်း နိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည် ရေးအထိမ်းအမှတ်မီးပုံးပျံများ လွှတ်တင် ခဲ့ကြပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က AZURA Hotel ၌ ညစာစား ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်း ရရှိသည်။

(၁၀၀)

# ယူကရိန်းနိုင်ငံရှိကီယက်မြို့က ၇၃ ရက်အတွင်း ပထမဆုံးအဖြစ် ဒရုန်း-ဒုံးကျည်ပေါင်းစပ်တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရ

**ကီယက်၊ စစ်ရေး**

ယူကရိန်းနိုင်ငံ၏မြို့တော် ကီယက်မြို့သည် ၇၃ ရက်အတွင်း ပထမဆုံးအဖြစ် ဒရုန်း-ဒုံးကျည်ပေါင်းစပ်တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

ထိုကဲ့သို့ ပေါင်းစပ်တိုက်ခိုက်မှုကို ရုရှားက နိုဝင်ဘာလ ၁၃ ရက်တွင်လုပ်ဆောင်ခြင်းဖြစ်ပြီး အချိန်အားဖြင့်နှစ်နာရီကျော်ကြာမြင့်ကြောင်း ကီယက်မြို့စစ်ဘက်အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ထို့ပြင် ယင်းတိုက်ခိုက်မှုတွင် အမြင့်ပျံဒုံးကျည်များနှင့် အနိမ့်ပျံဒုံးကျည်များသာမက တိုက်ခိုက်ရေးဒရုန်းများလည်း ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားကပစ်ခတ်လိုက်သော ဒုံးကျည်များအနက် အများအပြားကို ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်းနှင့် ဒရုန်း ၁၀ စင်းကိုလည်း ဟန့်တားနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ရုရှားစစ်ဘက်က တိုက်ခိုက်ရေးဒရုန်းအစင်း ၉၀၊ Tu-95MC ဗုံးကြဲလေယာဉ်မှ Kh-101 အမြင့်ပျံဒုံးကျည်နှစ်စင်း၊ Iskander-M/KN-23 အမြင့်ပျံဒုံးကျည်နှစ်စင်းနှင့် S-300 ပဲ့ထိန်းဒုံးကျည်နှစ်စင်းတို့ကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု ရုရှားလေတပ်ကပြောသည်။

ယူကရိန်းဘက်က ရုရှားနိုင်ငံ မော်စကိုမြို့ကို ဒရုန်းများဖြင့်တိုက်ခိုက်ရန်ကြိုးပမ်းပြီးနောက် ရုရှား၏ယခုကဲ့သို့လက်တုံ့ပြန်တိုက်ခိုက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်ဟု သိရသည်။

Ref: Xinhua



# သတင်းတိုကဏ္ဍ

## ဂါဇာစစ်ပွဲရပ်ဆိုင်းရမည့်အချိန်ရောက်ပြီဟု အမေရိကန်ပြော

အစ္စရေးနိုင်ငံအနေဖြင့် ဟားမက်တို့အပေါ်ပစ်မှတ်ထားသည့် ရည်မှန်းချက်များပြည့်မီပြီဖြစ်သည့်အတွက် ယခုအချိန်သည် ဂါဇာစစ်ပွဲကိုရပ်ဆိုင်းရမည့်အချိန်ရောက်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က နိုဝင်ဘာလ ၁၃ ရက်တွင်ပြောသည်။

အစ္စရေး၏ရည်မှန်းချက်မှာ ဟားမက်အဖွဲ့နှင့် အောက်တိုဘာလ ၇ ရက်တိုက်ခိုက်မှုလုပ်ဆောင်သူတို့ကို ချေမှုန်းရန်ဖြစ်ကြောင်း၊ ယခုအခါထိုရည်မှန်းချက်များပြည့်ဝသွားပြီဖြစ်သောကြောင့် ဂါဇာစစ်ပွဲကိုရပ်ဆိုင်းရန် အချိန်ကျပြီဖြစ်ကြောင်း ဘလင်ကန်ကပြောထားသည်။

လက်ရှိတွင် အစ္စရေးသည် ဟားမက်တို့၏နယ်မြေအချို့ကိုသိမ်းပိုက်ထားနိုင်ပြီဖြစ်သည့်အပြင် အဆက်မပြတ်ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အနည်းဆုံးလူပေါင်း ၄၃၀၀၀ ကျော်သေဆုံးထားပြီဖြစ်ကြောင်းနှင့် သေဆုံးသူ ၁၀ ဦးအနက် ခုနစ်ဦးမှာ အမျိုးသမီးများနှင့်ကလေးများဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့များက ပြီးခဲ့သည့်သီတင်းပတ်တွင်ထုတ်ပြန်ထားသည်။

Ref: RT

## ယာဉ်ကြောကျပ်မှုနှင့်ညစ်ညမ်းမှုကိုလျှော့ချနိုင်ရေး ထိုင်းကအခကြေးငွေကောက်ရန်စဉ်းစားနေ

ထိုင်းအစိုးရအနေဖြင့် ဘန်ကောက်မြို့၌ယာဉ်ကြောကျပ်မှုနှင့် ညစ်ညမ်းမှုတို့ကို လျှော့ချနိုင်ရေးအတွက် ယာဉ်ကြောကျပ်မှုအခကြေးငွေကိုကောက်ခံရန်စဉ်းစားနေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ကြောင့် ထိုင်းနိုင်ငံသည် စင်ကာပူနိုင်ငံပြီးနောက် အရှေ့တောင်အာရှဒေသ၌ ယာဉ်ကြောကျပ်မှုအခကြေးငွေကောက်ခံသည့် ဒုတိယမြောက်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

ယာဉ်ကြောကျပ်မှုအခကြေးငွေဆိုသည်မှာ သတ်မှတ်ချိန်အတွင်း သတ်မှတ်ထားသောနယ်မြေသို့ဝင်ရောက်လိုသူများအနေဖြင့် အခကြေးငွေပေးရခြင်းမျိုးဖြစ်သည်။ ထိုအစီအစဉ်ကိုအကောင်အထည်ဖော်ခြင်းအားဖြင့် ယာဉ်ကြောကျပ်မှုနှင့်အတူ လေထုညစ်ညမ်းမှုကိုပါ တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ်သည်။ ကောက်ခံရရှိသောငွေများကိုသုံး၍ မီးရထားစီးသူများအတွက် ပုံသေလက်မှတ်ခသတ်မှတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

Ref: TST

## ဘင်္ဂလားဒေ့ရှ်၌ ဆူပူအုံကြွမှုများအတွင်း လုယက်ခံရသောသေနတ်များအနက် အလက် ၆၀၀၀ ကိုပြန်လည်ရရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝန်ကြီးချုပ်ရှိတ်ဟာဆီနာကို နိုင်ငံမှထွက်ပြေးစေခဲ့သည့်ဆူပူအုံကြွမှုများအတွင်း လုယက်ယူငင်ခံရသော သေနတ်များအနက် အလက် ၆၀၀၀ ကို ပြန်လည်ရရှိပြီဖြစ်ကြောင်းနှင့်လူ ၂၅၀၀ ကိုဖမ်းဆီးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်တပ်မတော်က နိုဝင်ဘာလ ၁၃ ရက်တွင်ထုတ်ပြန်သည်။

လုယက်ခံရသောသေနတ်များအနက် အလက် ၃၇၀၀ ကျော်ကို လက်ရှိအစိုးရကလွှတ်ငြိမ်းခွင့်ပေးထားသည့် စက်တင်ဘာလအစောပိုင်းတွင် လက်ခံရရှိခြင်းဖြစ်ပြီး ယင်းနောက်တွင် လုံခြုံရေးတာဝန်ရှိသူများက ထောက်လှမ်းရှာဖွေစုံစမ်းဖော်ထုတ်မှုများလုပ်ဆောင်ကာ သေနတ်များကိုပြန်သိမ်းရခြင်းဖြစ်သည်။

စုံစမ်းဖော်ထုတ်မှုများအတွင်း တရားမဝင်ကိုင်ဆောင်ထားသည့် သေနတ်အလက်ပေါင်း ၆၀၀၀ နှင့်အတူ ကျည်ဆန်အတောင့်ရေနှစ်သိန်းကိုပါ သိမ်းဆည်းရမိခြင်းဖြစ်သည်ဟု စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အင်တီကပ်ဟိုင်ဒါခန်းကပြောထားသည်။

Ref: TST

## အမေရိကန်က ဆီးရီးယားရှိစစ်သွေးကြွအဖွဲ့၏ လက်နက်တိုက်နှင့်ထောက်ပို့ဌာနချုပ်ကို တိုက်ခိုက်

အမေရိကန်စစ်ဘက်သည် နိုဝင်ဘာလ ၁၃ ရက်တွင် ဆီးရီးယားနိုင်ငံရှိ စစ်သွေးကြွအဖွဲ့တစ်ဖွဲ့၏ လက်နက်တိုက်နှင့်ထောက်ပို့ဌာနချုပ်တို့ကို တိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း အလယ်ပိုင်းဒေသကွပ်ကဲမှုဌာနချုပ်က ထုတ်ပြန်ထားသည်။

"ဒီကနေ့ အမေရိကန်တပ်ဖွဲ့ဝင်တွေက စစ်သွေးကြွများရဲ့လက်နက်တိုက်နဲ့ ထောက်ပို့ဌာနချုပ်ကို တိုက်ခိုက်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုတွေက အမေရိကန်စစ်သည်တစ်ဦးအပေါ် ဒုံးကျည်ဖြင့်တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်ခြင်းဖြစ်ပါတယ်" ဟု အလယ်ပိုင်းဒေသကွပ်ကဲမှုဌာနချုပ်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယခုတိုက်ခိုက်မှုကြောင့် အဆိုပါစစ်သွေးကြွအဖွဲ့အနေဖြင့် ဒေသတွင်းရှိ အမေရိကန်နှင့်မဟာမိတ်တို့၏တပ်ဖွဲ့များအပေါ်လုပ်ဆောင်မည့် အစီအစဉ်များနှင့်တိုက်ခိုက်မှုများကို လျှော့နည်းသွားစေမည်ဟုယုံကြည်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

Ref: Sputnik

# အင်ဒိုနီးရှားနှင့်ဩစတြေးလျတို့က ပူးတွဲစစ်ရေးလေ့ကျင့်ခန်းဆောင်ရွက်

**ဆီတူဘွန်ဒို၊ စစ်ရေး**

အင်ဒိုနီးရှားစစ်ဘက်နှင့် ဩစတြေးလျစစ်ဘက်တို့က တပ်ဖွဲ့ဝင်အင်အား ၂၀၀၀ ကျော်ပါဝင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းကြီးတစ်ခုကို နိုဝင်ဘာလ ၁၃ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့ကြား အာရှ-ပစိဖိတ်ဒေသအတွင်း လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုထားသော ကာကွယ်ရေးသဘောတူစာချုပ်တစ်ခုကို လက်မှတ်ထိုးပြီးနောက် ယခုပူးတွဲစစ်ရေးလေ့ကျင့်ခန်းကိုဆောင်ရွက်ခြင်းဖြစ်သည်။

ကရိဝူးမရာအမည်ရှိ အဆိုပါစစ်ရေးလေ့ကျင့်ခန်းကို အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ လေးရက်ကြာဆောင်ရွက်သွားမည်ဖြစ်ပြီး ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများလည်းပါဝင်သည်။

အလားတူ ပစ်ခတ်စဉ်ပါလေ့ကျင့်ခန်းတစ်ခုတွင် တင့်များ၊ သင်္ဘောများ၊ တိုက်လေယာဉ်များ၊ ကမ်းထိုးယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့်အတူ စစ်သည်များလည်း ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref: AFP




# အိန္ဒိယက တာဝေးပစ်အနိမ့်ပျံဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်

**နယူးဒေလီ၊ စစ်လက်နက်**

အိန္ဒိယက ပြည်တွင်းဖြစ်တာဝေးပစ်အနိမ့်ပျံဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ်လိုက်နိုင်ကြောင်း အစိုးရအဖွဲ့၏ နိုဝင်ဘာလ ၁၂ ရက်ထုတ်ပြန်ချက်တစ်ခုတွင်ဖော်ပြထားသည်။

အဆိုပါဒုံးကျည်သည် အလွန်ဝေးကွာသောနေရာရှိ မြေပြင်ပစ်မှတ်များကို တိကျစွာထိမှန်အောင် ပစ်ခတ်နိုင်စေရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး ၎င်းကိုရွေ့လျားဒုံးပစ်လောင်ချာများမှသာမက ရေ့တန်းရှိစစ်ရေယာဉ်များမှလည်း ပစ်လွှတ်နိုင်စေမည်ဖြစ်သည်။

ယခုကဲ့သို့ တာဝေးပစ်အနိမ့်ပျံဒုံးကျည်ကိုအောင်မြင်စွာစမ်းသပ်နိုင်မှုသည် စစ်လက်နက်ပစ္စည်းတွင် ကိုယ့်အားကိုယ်ကိုးနိုင်ရေးလုပ်ဆောင်နေသည့် အိန္ဒိယအစိုးရ၏ရည်မှန်းချက်နှင့် ကိုက်ညီကြောင်း တာဝန်ရှိသူများကပြောသည်။

ဒုံးကျည်ကိုစမ်းသပ်စဉ်အတွင်း အဆင့်မြင့်မားလှသည့်သွားလာမှု၊ ပဲ့ထိန်းမှုနှင့် ထိန်းချုပ်မှုနည်းပညာများကို ပြသနိုင်ပြီး ပစ်မှတ်ကိုလည်း တိကျစွာထိမှန်ကြောင်း သိရသည်။

Ref: RT

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက်တိုင်းမှူးများနှင့်တက်ရောက်လာကြသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါစုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များကလှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များဆက်ကပ်လှူဒါန်းကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် နဝကမ္မအလှူငွေကျပ် ၂၁၄ သိန်းကျော်နှင့် ငွေကျပ် ၃၃၃ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၃၆ ခုကိုလည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေ၊ စုစုပေါင်းငွေကျပ် ၅၇၁ သိန်းကျော်တန်ဖိုးရှိ ပဒေသာပင်(၃၅)ခုကိုလည်းကောင်း သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ဆရာတော်ထံ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ (၁၈)ရက်မှ (၂၇)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

# လှိုင်မြစ်ကူး ရွှေပြည်သာတံတား ရေလမ်းပြောင်းလဲမည်

နေပြည်တော် နိုဝင်ဘာ ၁၃

လှိုင်မြစ်ကူး ရွှေပြည်သာတံတား ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်( ၃ )နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားသော်လည်း ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်သောကြောင့်ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်( ၂ ) နှင့် ( ၃ )အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ကင်းလွတ်အကျယ်သည် ၃၄၅ ပေနှင့် ကင်းလွတ်အမြင့်သည် အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်ရေလမ်းတွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသထားမည်ဖြစ်ပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ ထို့အတူ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံများသည် ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်၊ တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်နှင့်အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

# လေအေးပေးစက်တပ်ဆင် / ပြုပြင်ခြင်းသင်တန်းနှင့် ဂဟေဆက်သင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၁၃

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)သို့ရောက်ရှိပြီး လေအေးပေးစက် တပ်ဆင်/ ပြုပြင်ခြင်းသင်တန်း (၃/၂၀၂၄)နှင့် ဂဟေဆက်သင်တန်း (၄/၂၀၂၄) သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြန်မာလုပ်သားများ လုပ်ငန်းခွင်စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လေအေးပေးစက် သွယ်တန်းတပ်ဆင်ခြင်း၊ ဂဟေဆက်ခြင်း၊ မော်တော်ယာဉ်စက်ပြင်ခြင်း၊ ကြွေပြားကပ်ခြင်း၊ စားသောက်ဆိုင်ဝန်ဆောင်မှု၊ သံချည်သံကွေး၊ ဂဟေဆက်(မွမ်းမံ) သင်တန်းစသည့် သင်တန်းရှစ်မျိုးကို ၂၂ ကြိမ်ဖွင့်လှစ်၍ သင်တန်းသား ၅၀၀ ကျော် ဖွင့်လှစ်ရန်လျာထားပြီး ယနေ့ထိ သင်တန်းရှစ်မျိုးကို သင်တန်း ၁၁ ကြိမ်ဖြင့် သင်တန်းသား ၂၇၀ ဦးမွေးထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။ (၅၀၀)

## အပူပိုင်းမုန်တိုင်း “တိုရဂျီ” အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “တိုရဂျီ ” (TORAJI) သည် အနောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရေးကော်မတီ ဒုတိယ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးသို့ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထု ညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဒုတိယဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ် ဖြတ်ကျော်မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် **မြူကင်းစင်သော ကောင်းကင်(Clear Sky Strategy) မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်း** အခမ်းအနား၌ ထုတ်ပြန်ခဲ့သည့်ပူးတွဲလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် တောမီး လောင်ကျွမ်းမှုထိန်းချုပ်ရေးနှင့် မီးငြိမ်း သတ်ရေးစနစ်၊ စောင့်ကြည့်ရေးစနစ်၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် စီမံ ခန့်ခွဲမှုစနစ်၊ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ အကောင်အထည် ဖော်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာဥပဒေများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း။

မကြာမီကာလအတွင်း ပွင့်လင်းရာသီ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာ နိုင်သည့်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တောမီးလောင် ကျွမ်းမှုနှင့်ပတ်သက်၍ စစ်ဆေးရေးနှင့်



ပညာပေးရေးဆောင်ရွက်မှုများ၊ လယာပြင် မီးမရှို့စေရေး ပညာပေးဟောပြောမှုများ၊ အိမ်သုံးနှင့်လယ်ယာသုံးစွန့်ပစ်ပစ္စည်းများ အား မီးမရှို့စေရေး၊ စနစ်တကျစွန့်ပစ်နိုင် ရေး၊ အမှိုက်မီးရှို့စက်ဖြင့် စနစ်တကျမီးရှို့ နိုင်ရေး ပညာပေးဆောင်ရွက်မှုများနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ပြုလုပ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းသူက ကော်မတီဝင်များအနေဖြင့် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်းနှင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း ပြောကြား သည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်က မြန်မာ-ထိုင်း နယ်နိမိတ် ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေးကော်မတီ၏ ပထမ အကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြန်မာနိုင်ငံအတွင်း Fire Hotspot လျော့ချ ရေးနှင့်နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းဆောင် ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင် များနှင့် ကိုယ်စားလှယ်များက မြန်မာ- ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး ဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ၏လုပ်ငန်းများနှင့် ပတ်သက် သည့် လုပ်ငန်းတာဝန်များ အကောင် အထည်ဖော်ဆောင်ရွက်မှု အခြေအနေ များကို သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ (၅၀၀)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစား ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ်အစည်း အဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်း အဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ဆက်သွယ် ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆပ်ကော်မတီအဖွဲ့ ဝင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ် များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထူးဖိတ်ကြားထားသော လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ယခုကျင်းပမည့် အမျိုးသားအားကစား ပြိုင်ပွဲသည် နိုင်ငံတော်အဆင့်ကျင်းပသည့် ပွဲဖြစ်သည့်အတွက် အလေးအနက်ထား ကြိုတင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြား ရေးမှူးချုပ် ဦးသင့်မြတ်သူက ဆပ်ကော် မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို အသေးစိတ်ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်



# လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်


နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းကမ်းလွန်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည်အားလျော့သွားခဲ့ပြီး ဖြစ်သည်။ (မိုး/ဇလ)

# လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Great Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JMC JMEV EV3 အမျိုးအစား လျှပ်စစ်သုံးမော် တော်ယာဉ်များနှင့် Aung Kan Bo Motor-cycle Industrial Co., Ltd. မှ တင်သွင်းလာ သော တရုတ်နိုင်ငံထုတ် KENBO အမျိုး အစားလျှပ်စစ်သုံး ၂ ဘီး မော်တော် ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚C | / | ၃၃˚C |
| ရန်ကုန် | ၂၃˚C | / | ၃၄˚C |
| မန္တလေး | ၂၂˚C | / | ၃၂˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ်ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က အားကစားပွဲတော်တွင် လာရောက်ကြည့်ရှုမည့် ပရိသတ်များ အဆင်ပြေချောမွေ့စေရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားသို့ လာရောက်မည့်သူများ အတတ်နိုင်ဆုံး သက်သောင့်သက်သာဖြင့် ကြည့်ရှုအားပေးနိုင်စေရေးအတွက် နေရာများ စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ဖိတ်ကြားထားသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီဝင်များကလည်း ဝန်ကြီးဌာနများအလိုက် လာရောက်အားပေးနိုင်ရေး ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုလုပ်ငန်းအခြေအနေကို ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## သာယာဝတီမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မိုးစပါးများရိတ်သိမ်း

သာယာဝတီ နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မကျီးကွင်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်သမဝါယမအသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မာလာဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားဦးစိန်ဝင်း၏ လယ်ဧကများတွင် စိုက်ပျိုးခဲ့သည့် ဗီယက်နမ်(ဆာဖိုးသာ) မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

သာယာဝတီမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် သမဝါယမအသင်းလေးသင်းရှိပြီး လယ်ဧက ၂၀၀၀ ဧကတွင် ဆောင်ရွက်သည့်အနက် မကျီးကွင်းကျေးရွာ မာလာဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ဦးစိန်ဝင်း၏ လယ် ၅ ဧကကို စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါး ၁၀၁ တင်းထွက်ရှိပြီး စုစုပေါင်း ၅ ဧကအတွက် ၅၀၅ တင်းထွက်ရှိသည်။

အဆိုပါမိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်း၊ ISPEအသင်းနှင့်သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်း၊ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်းသိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၃နာရီတွင် တောင်ဒဂုံအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီတွင် စလင်းအားကစားကွင်း၌ ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ၅ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ရှိုင်းကိုကိုဇော်၊ မာတီးနို၊ စိုးမင်းထက်နှင့် မင်းကိုခန့်တို့က သွင်းယူပေးခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၅-၁၁-၂၀၂၄)

## ပျဉ်းမနားသကြားစက်ရုံဝင်းအတွင်း ရေဘေးသင့်ဝန်ထမ်း အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၃

ပျဉ်းမနားသကြားစက်ရုံဝင်းအတွင်း ရေဘေးသင့်ဝန်ထမ်း အိမ်ထောင်စုများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စက်ရုံစုဝေးဆောင်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့်တာဝန်ရှိသူများ၊ ရေဘေးသင့်ဝန်ထမ်းအိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး မိသားစုများ၏ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြန်လည်ထူထောင်နိုင်ရေး၊ ရေဘေးသင့် စက်ရုံဝန်ထမ်း အိမ်ထောင်စု ၂၅၂ စုအတွက်စုစုပေါင်းငွေကျပ်၅၁၁၅၆၀၀၀ တန်ဖိုးရှိ မိသားစုသုံးထောက်ပံ့ပစ္စည်းများပေးအပ်ကြကာ ရေဘေးသင့်ဝန်ထမ်းအိမ်ထောင်စုဝင်များကို ရင်းနှီးခင်မင်စွာ တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ရေကြီးရေလျှံမှုများကြောင့် ပျဉ်းမနားသကြားစက်ရုံဝင်းအတွင်းရှိ သကြားစက်ရုံများ၊ သိုလှောင်ရုံများ၊ ဝန်ထမ်းနေအိမ်များကို ရွှံ့ညွှန်နှင့်နုန်းများ ဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့သည့် ရေဘေးသင့် ဝန်ထမ်းအိမ်ထောင်စု ၂၅၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် လီတာ ၂၀၀ ဆံ့ ရေတိုင်ကီ တစ်လုံး၊ ပစ္စည်းထည့်ပုံးကြီး တစ်လုံး၊ ပုံးဝိုင်းကြီး တစ်လုံးနှင့် ရေပုံး နှစ်လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဒုတိယညမီးပုံးပျံလွှတ်တင် ယှဉ်ပြိုင်နေမှုနှင့် နေ့လွှတ်အရုပ်များ လွှတ်တင်ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

တောင်ကြီး နိုဝင်ဘာ ၁၃



ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် MSME ဒေသထွက်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကိုသွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပွဲတော်လာပြည်သူများ၊ ဈေးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဒုတိယညတွင် တေးဂီတဖျော်ဖြေပွဲများ၊ အေးသာယာစက်မှုဇုန်ကိုယ်စားပြု လင်းယုန်မီးပုံးပျံ၊ ရှမ်းယူနိုက်တက်ဘောလုံးမီးပုံးပျံစတိုးဆိုင်၊တည်းခိုခန်း၊ စားသောက်ဆိုင်၊ လုပ်ငန်းရှင်များ တိမ်ဖြူအုပ်စု စိန်နားပန်မီးပုံးပျံများ၊ သံယဇာတရေးရာဝန်ကြီးဌာနကိုယ်စားပြု ဆောင်းခမီးပုံးပျံ၊ မြို့ပေါ် (၂၂)ရပ်ကွက်ကိုယ်စားပြု မွေတော်မီးပုံးပျံ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းကိုယ်စားပြု ထစ်ချုန်းညမီးကြီးယမ်းမီးပုံးပျံများ စည်ကားသိုက်မြိုက်စွာ ယှဉ်ပြိုင်လွှတ်တင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မီးပုံးပျံကွင်းအတွင်းသွားရောက်ကြည့်ရှုအားပေးကြပြီး မီးပုံးပျံအကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့များ၊ မီးပုံးပျံလာရောက်လွှတ်တင်ယှဉ်ပြိုင်ကြမည့်အဖွဲ့များ၊ ပွဲတော်လာရောက်ကြည့်ရှုသည့် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ရောင်စုံဓာတ်ပုံပြခန်းအား ကြည့်ရှုအားပေးခဲ့သည်။



အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဝေရာမီးပုံးပျံကွင်း၌ တောင်ကြီးမြို့ပေါ်ရှိ လူကြီး၊ ကလေး၊ ဒေသခံပြည်သူများက နေ့လွှတ်အရုပ်မီးပုံးပျံ ချိုးအရုပ်၊ ကြက်တူရွေးအရုပ်၊ ကြက်အရုပ်၊ ခိုအရုပ်များ ပါဝင်ယှဉ်ပြိုင်လွှတ်တင်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အာဆီယံဘဏ်များအသင်း အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေလက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ အာဆီယံဘဏ်များအသင်း အထွေထွေအတွင်းရေးမှူး Mr. Paul C.G.Gwee ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့်အဖွဲ့တို့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ်တွင် (၅၃) ကြိမ်မြောက် ASEAN Banking Council အစည်းအဝေးနှင့် (၂၄) ကြိမ်မြောက် ASEAN Banking Conference တို့ကို မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံတွင် အလှည့်ကျလက်ခံကျင်းပရေးကိစ္စ၊ ASEAN နိုင်ငံဘဏ်များအကြား လက်ရှိစီးပွားရေးနှင့်ဘဏ်လုပ်ငန်းများအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS
MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA
(ခေါက်တခြား)ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူး
လျက်ရှိပါသည်။
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# တရားမဝင် စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၁၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၉)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၃၄၆၉၃၀၁) ကိုလည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ဝတ်ရတနာပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၁၉၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၆၈၈၃၀၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁၂)စီးပေါ်မှ တရားမဝင်စက်သုံးဆီဒီဇယ်ဆီ (၁၁၉၅)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၄၀၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck (၉)စီး နှင့် Dump Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၀၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့၊ ဝမ်တာပင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျိုင်းတုံမြို့မှ မိုင်းလားမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၆၀၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၆၀၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)ကိုလည်းကောင်း၊ ကလေးမြို့နယ်နှင့် ခန္တီးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chin Dwin Star Micro Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်လမ်းဆုံအကျော်၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၁၇၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၂၅၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် ခေမာသီ-အမရာ လမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၁၂ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၉၄၉၉၇၀၁)**ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် စားသောက်ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကိုတွေ့ရှိရပြီး အရည်အသွေးအာမခံချက်မရှိသော ကုန်ပစ္စည်းများတင်သွင်းခြင်းကြောင့် စားသုံးသူပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများနှင့် အသက်အန္တရာယ်ထိခိုက်နစ်နာဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)


# ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်းရှိ စမုံ-သပြေတောင်းဘူတာအကြားရှိ စမုံတံတားအား ပြန်လည်မွမ်းမံပြင်ဆင်မည်

နေပြည်တော် နိုဝင်ဘာ ၁၃

တိုင်ဖွန်းမုန်တိုင်း“ရာဂီ”၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် စမုံနှင့် သပြေတောင်းကြား အဆန်ရထားလမ်း တံတားအမှတ်(၆၉၁)၏ ကမ်းကပ်ခုံရေတိုက်စားခံရမှုအပေါ် ပေ ၆၀ ဘေလီသံပေါင်ဖြင့် ယာယီအစားထိုးဆောင်ရွက်ခဲ့ပြီး ယခုအခါ အသေးစိတ်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရန်လိုအပ်သဖြင့် နိုဝင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မန္တလေး-သာစည် ရထားလမ်းပိုင်းအား ယာယီပိတ်ထားမည်ဖြစ်သည်။

အဆိုပါ နေ့ရက်များတွင် သာစည်-မန္တလေးပြေးဆွဲပေးလျက်ရှိသည့် အမှတ် သ-၃၀၁ အဆန်၊ သ-၃၀၂ အစုန် RBE လူစီးရထားနှင့် ရန်ကုန်-မန္တလေး-ရန်ကုန် ပြေးဆွဲလျက်ရှိသည့် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန် စာပို့ရထားများအား ယာယီရပ်နားထားမည်ဖြစ်သည်။ ထို့အတူ ရန်ကုန်-မန္တလေး-ရန်ကုန် ပြေးဆွဲလျက်ရှိသည့် အမှတ်(၁၁)အဆန်၊ အမှတ်(၁၂) အစုန်လူစီးအမြန်ရထားများအား ရန်ကုန်-သာစည်-ရန်ကုန်ခရီးစဉ်အဖြစ်ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းအား ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်းနှင့် တံတားများ ထိခိုက်ပျက်စီးမှုများအား အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စမုံနှင့် သပြေတောင်းကြား အဆန်လမ်း တံတား အမှတ် (၆၉၁) (စမုံတံတား)အား အသေးစိတ်ပြုပြင်မှုများပြုလုပ်ပြီး နိုဝင်ဘာလ ၂၀ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော ရထားများအား မူလပြေးဆွဲချိန်များအတိုင်း ရန်ကုန်နှင့် မန္တလေးခရီးဆုံးဘူတာများအထိ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြန်မာ့မီးရထား**




## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၁၃-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၇.၃ | ၄၅.၁ |
| တီးတိန်မြို့ | ၉.၇ | ၄၉.၅ |
| ပြင်ဦးလွင်မြို့ | ၁၁.၀ | ၅၁.၈ |
| မြစ်ကြီးနားမြို့ | ၁၂.၀ | ၅၃.၆ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်
## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ (၁၈)ရက်မှ (၂၇)ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသာ ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

### ပျောက်ဆုံးကြောင်း
မချိုခိုင်(ဘ)ဦးမောင်စိန် ၁၀/သထန(နိုင်)၀၉၃၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်နေလင်းဦး(ဘ)ဦးသောင်းညဏ် ၁၀/မဒန(နိုင်)၂၂၆၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
နော်ရှဲဖေါ(ဘ)ဦးစောချင်းချောင်း ၁၀/သထန(နိုင်)၁၂၈၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### အမည်ပြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း Grade-5 တွင် ပညာသင်ကြားနေသော အဘ ဦးပြည့်အောင်ပိုင် ၁၃/ကကန(နိုင်)၁၀၇၉၈၇ ၏သား မောင်ကောင်းစစ်ဟန်အား မောင်စွမ်းဇေပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်စွမ်းဇေပိုင်

### အမည်ပြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း KG တွင် ပညာသင်ကြားနေသော အဘ ဦးပြည့်အောင်ပိုင် ၁၃/ကကန(နိုင်)၁၀၇၉၈၇ ၏သမီး မမေမြတ်နိုးပိုင်အား မထက်မြတ်နိုးပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မထက်မြတ်နိုးပိုင်

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၁) Grade-11 မှ မောင်ကျော်ဇော်ဟိန်း၏ဖခင် ဦးရမ်းပြန်၏အမည်မှန်မှာ ဦးမြင့်လွင် ၈/တတက(နိုင်)၁၄၄၀၆၂ ဖြစ်ပါကြောင်း။
ဦးမြင့်လွင်

### အမည်ပြောင်း
၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တောင်ငူမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း လေ့ကျင့်ရေးတွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၃၄၅၆) မယွန်းသီရိနိုင်(G-9)နှင့် ကျောင်းဝင်အမှတ်(၀၂၉၂) မနွေးသီရိလှိုင်(G-4)တို့၏ဖခင် ဦးသန့်ဇင်အား ဦးသန့်စင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးသန့်စင်

### ပျောက်ဆုံးကြောင်း
ထင်ကျော်လတ်(ဘ)ဦးမိုးအောင်၁၂/သဃက(နိုင်)၁၈၆၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စောအယ်ထီးကော်(ဘ)စောကိုကြွက် ၇/ကတခ(နိုင်)၁၆၆၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇာဇာမိုး(ဘ)ဦးအောင်ညွန့် ၁၄/ပတန(နိုင်)၂၂၆၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


### အမည်ပြောင်း
အထက(၁၀)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-2 မှ ဦးထွန်းထွန်းဝင်း ၁၄/ပသန(နိုင်)၂၁၀၆၃၅ ၏သမီး မကေရီမီမီထွန်းအား မအေးမြတ်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
မအေးမြတ်ဖြိုး

### ပျောက်ဆုံးကြောင်း
ရွှေကျင်မြို့နယ်၊ ဂန့်ဂေါ်ပိုင်းရပ်ကွက်နေ မောင်ပိုင်ပြည့်ဖြိုး(ဘ)ဦးတင်မောင်လတ် ၇/ရကန(နိုင်)၀၇၂၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၇၄၅၉၉၃

### ပျောက်ဆုံးကြောင်း
ဆိပ်ကြီးခနောင်တိုမြို့၊ ခနောင်ကျီအနောက်ရပ်နေ ချစ်စံဝင်း(ဘ)ဦးစိုးဝင်း ၁၂/ဆကခ(နိုင်)၈၁၆၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 263442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၂၈၀၃၈

### ပျောက်ဆုံးကြောင်း
တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်တောလမ်း၊ (၃)လွှာ၊ အမှတ်(၁၁)နေ ကျော်စိုးလွင်(ဘ)ဦးတင်ထူး ၁၂/တမန(နိုင်)၁၀၅၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 399241)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၇၃၄၄၁၃၀

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
တေဇ ရုပ်စုံ




- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။




### ပျောက်ဆုံးကြောင်း
အောင်ဇော်ဖြိုး(ဘ)ဦးသိန်းဆောင် ၁၂/တမန(နိုင်)၁၀၆၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၃၉၇၀၀၂

### ပျောက်ဆုံးကြောင်း
စောပြည့်အောင်(ဘ)ဦးတင်အောင်ထွဏ်း ၅/ကလထ(နိုင်)၁၄၄၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၈၉၉၆၅၄၄

### ပျောက်ဆုံးကြောင်း
သင်းသင်းဆွေ(ဘ)ဦးချိုမောင် ၁၄/အဂပ(နိုင်)၀၀၀၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၀၉၁၂၃၉

### ပျောက်ဆုံးကြောင်း
အောင်ကိုချစ်(ဘ)ဦးမြင့်နိုင် ၉/ကဆန(နိုင်)၂၄၉၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သူရကျော်(ဘ)ဦးဝင်းမြင့် ၁၄/လပတ(နိုင်)၂၄၉၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 584731)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန္တာဦး(ဘ)ဦးမြင့်ဇော်ထွေး ၁၄/အဂပ(နိုင်)၂၆၈၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကြည်လွင်(ဘ)ဦးညွန့်ဦး ၁၂/တမန(နိုင်)၁၀၄၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နော်အယ်ရှဲဖော(ဘ)ဦးစောကနားဟာ ၁၂/မဘန(နိုင်)၁၃၂၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၁၉၄၇၆၈

### ပျောက်ဆုံးကြောင်း
ဇာနီထွေး(ဘ)ဦးပေပြုံး ၉/ဝတန(နိုင်)၁၅၁၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၈၅၄၃၀၀

### ပျောက်ဆုံးကြောင်း
လွမ်းမိုးအောင်(ဘ)ဦးအောင်ငွေ ၉/မခန(နိုင်)၁၈၆၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သိန်းသိန်းထိုက်(ဘ)ဦးကြင်စိုး ၈/ပခက(နိုင်)၂၁၄၃၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 384826)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်ကျော်စိုး(ဘ)ဦးချောက်လီ ၁၃/လရန(နိုင်)၁၁၇၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 414069)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၅၄၁၉၇၈

### ပျောက်ဆုံးကြောင်း
ပန်းတောင်းမြို့၊ စထုံကြီး၊ သဲဖြူရွာနေ မဝိုင်းစိန်(ဘ)ဦးမြင့်နိုင် ၇/ပတန(နိုင်)၁၅၂၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 236477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၇၃၁၈၆၉

### ပျောက်ဆုံးကြောင်း
စည်သူဖြိုး(ဘ)ဦးခင်မောင်ဝင်း ၇/လပတ(နိုင်)၁၆၄၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 871143)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇော်မျိုးအောင်(ဘ)ဦးအောင်ငြိမ်း ၁၂/မဂဒ(နိုင်)၁၃၀၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
လှိုင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် (၁၃)၊ မာလာလမ်းနေ ရဲလင်းပိုင်(ဘ)ဦးအောင်သူရ ၁၂/ဒဂန(နိုင်)၀၃၀၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 419163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၆၂၈၀၃၈

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်. . .**

❖ **“ပညာတတ်”နိုင်ငံသားများဆိုသည်မှာ “အရည်အချင်း”ကို ဆိုလိုပြီး “အများဆုံး” ရှိသည်ဆိုသည်မှာ “အရေအတွက်” ကိုဆိုလို . . .**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့်နိုင်ငံဖြစ်လာရန်လိုအပ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိမာရဝိဇယကျောင်းတော် ၂၀၂၄ ခုနှစ်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဆရာတော်ကြီးများနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊

စာမျက်နှာ ၅ ကော်လံ ၁ ➔